ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ သောကြာနေ့ (22-2-2013) (၇၄၀၄)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ တရားဝင်ခရီးသွားရောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီနီနီ စတို၊ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိန်းဇ် ဖစ်ရှာ၊ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီယို နာပိုလီတာနို၊ နော်ဝေနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျန်း(စ်) စတိုလ်တန်ဘတ်ခ်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ဟိုဆေး မန်နျူရယ် ဘာရိုဆိုတို့၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ တရားဝင်ခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## စွမ်းအင်၊ သစ်တော၊ ရော်ဘာ၊ စားသောက်ကုန်ထုတ်လုပ်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Ivan Mrkic ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ ပညာရေးနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စွမ်းအင်၊ သစ်တော၊ ရော်ဘာ၊ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဆားဘီးယားနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားခဲ့ရာ၌ ဆားဘီးယားနိုင်ငံသမ္မတက ၎င်း၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ မိမိအားဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိကလည်း အဆွေတော်တို့၏ သမ္မတကြီးအား မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်းဖြင့်ပြောကြားခဲ့ပြီး ဆားဘီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဘဲလ်ဂရိတ်မြို့တွင် မြန်မာသံအမတ်ကြီး ထားရှိပြီးဖြစ်၍ ဆားဘီးယားနိုင်ငံကလည်း မြန်မာနိုင်ငံတွင် သံအမတ်ကြီးအဆင့်ကို လာမည့်မေလတွင် စတင်ထားရှိရန် စီစဉ်ထားပါကြောင်းဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Ivan Mrkic အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

သတင်း - စိုင်းညီလေး
ဓာတ်ပုံ - ခွန်ငယ်

# သေနတ်ပစ်အားကစားအဖွဲ့ အောင်ပန်းဆင်နိုင်ရေး ပြင်းပြင်းထန်ထန်လေ့ကျင့်နေ



မြန်မာသေနတ်ပစ်လက်ရွေးစင်များ လေ့ကျင့်နေစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ)တွင် မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ်ပုံမှန်ရယူပေးနေသည့် အားကစားနည်းများထဲတွင် သေနတ်ပစ်အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။ သို့သော် မြန်မာသေနတ်ပစ်အဖွဲ့သည် ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းတွင်မူ ရွှေတံဆိပ်နှင့် လွဲချော်ခဲ့ရသောကြောင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်ပန်းဆင်နိုင်ရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်နေပြီဖြစ်သည်။

"ဆီးဂိမ်းပြိုင်ပွဲဝင်မယ့် မြန်မာသေနတ်ပစ်ကစားသမားတွေကို နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်ပေးနေပါတယ်။ ပဏာမကစားသမားတွေထဲမှာ လူဟောင်းကစားသမားတွေပါသလို လူသစ်ကစားသမားတွေလည်း ပါဝင်ပါတယ်။ လူဟောင်းကစားသမားတွေထဲကဆိုရင် မောင်ကြူ၊ အောင်ငြိမ်းနီ၊ အောင်သူရ၊ လင်းအောင်၊ သန်းသန်းစော၊ လေးဇာဇာလှိုင်းမြင့် အစရှိတဲ့ ကစားသမားတွေ ပါဝင်ပါတယ်။ သူတို့ဟာ ဆီးဂိမ်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရရှိဖူးသူတွေဖြစ်သလို မောင်ကြူဆိုရင် ဆီးဂိမ်းပြိုင်ပွဲရဲ့ စံချိန်ရှင်တစ်ဦးလည်းဖြစ်ပါတယ်။ ပဏာမလက်ရွေးစင်ကစားသမားတွေကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ယနေ့ **မာတိကာ**

အရည်အချင်းပြည့်မှ အနာဂတ်ကို ပိုင်နိုင် စာမျက်နှာ - ၂

ပွဲယာဂုမီးဖုန်းတွင် တပို့တွဲ နှဲလို့သာဆင် စာမျက်နှာ - ၆

လုပ်ငန်းရှင်များ နိုင်ငံတော်၏ စေတနာကို နားလည် စာမျက်နှာ - ၁၀



ကြေးမုံစာတည်းရှုထောင့် ၂၂-၂-၂၀၁၂၊ သောကြာနေ့

## အရည်အချင်းပြည့်မှ အနာဂတ်ကို ပိုင်နိုင်

အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်ဖြစ်မှသာ မိမိအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ မျက်မှောက်ကာလသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရမည့်ကာလဖြစ်၍ မိမိတို့၏အရည်အသွေးများ ကောင်းမွန်အောင်၊ တိုးတက်အောင်၊ ပြည့်ဝအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းရောက်ရှိစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားရာ၌-

"ဆရာ ဆရာမများက မွေးထုတ်ပေးလိုက်သည့် ဘွဲ့ရလူငယ်များသည် နောင်တစ်ခေတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်သွားကြမည့်သူ၊ နိုင်ငံ၏တာဝန်ကို အရည်အချင်းရှိရှိ ထမ်းဆောင်နိုင်ပါမှ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း" ပြောကြားထားသည်။

ဆရာ ဆရာမများသည် မိမိတို့၏တပည့်များအား သင်ကြားပြသပေးရာ၌ စာမေးပွဲအောင်မြင်ရုံ၊ အမှတ်ကောင်းရရုံ တစ်ခုတည်းကိုသာ ဦးတည်၍ သင်ကြားပေးခြင်းမပြုဘဲ မိမိတို့တပည့်များအား အမှန်တကယ် အရည်အချင်းပြည့်ဝပြီး ဘက်စုံအသိအမြင်ကြွယ်ဝသော၊ အတွေးအခေါ်မြင့်မားသော ဘွဲ့ရကျောင်းသားများဖြစ်အောင် သင်ကြားပြသပေးရန် လိုအပ်မည်ဖြစ်သည်။

အရေအတွက်သာရှိပြီး အရည်အချင်းမပြည့်မီသော ကျောင်းသားများ မဖြစ်အောင် ကြံဆောင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ယခင်က တက္ကသိုလ်တက်နိုင်သော ကျောင်းသားမဆိုထားနှင့် ၁၀ တန်းအောင်မြင်ရန်အတွက်ပင် ရာခိုင်နှုန်း ၁၀ ဂဏန်းအောက်၌ရှိသည်ကို တွေ့ရသည်။ ရာခိုင်နှုန်း နည်းပင်နည်းငြားသော်လည်း အရည်အချင်းရှိသူများ ဖြစ်လာပေသည်။

၂၀၁၀-၂၀၁၁ ခုနှစ်က တစ်နိုင်ငံလုံးရှိကျောင်းများမှ မွေးထုတ်ပေးလိုက်သော ဘွဲ့ရများမှာ ၁၆၃၅၄၁ ဦးရှိသည်။ ယင်းနှစ်တွင်ပင် ဘွဲ့ရအသစ်၊ အဟောင်း မှတ်ပုံတင်ထားသူ ၇၇၃၁၁၇ ဦးအနက် ပြည်တွင်းသာမက ပြည်ပအတွက်ပါ အလုပ်အကိုင်ရှာဖွေပေးနိုင်သည့်ဦးရေမှာ ၂၈၆၅၆၆ ရှိသည်။ အလုပ်ရရှိမှု ရာခိုင်နှုန်းအနေဖြင့်ကြည့်လျှင် ၃၇ ရာခိုင်နှုန်းရှိပြီး အများစု ၆၃ ရာခိုင်နှုန်းမှာ အလုပ်အကိုင်မရသေးကြောင်း တွေ့ရသည်။

အလုပ်၏သဘောသဘာဝမှာ အလုပ်သည် လူ့နောက်သို့သာ လိုက်တတ်သည့် သဘောရှိသည်။ လူ့နောက်သို့ လိုက်ရန်မှာလည်း လူသည် အသိပညာ၊ အတတ်ပညာနယ်ပယ်တွင် ကျွမ်းကျင်လိမ္မာပြီး ဘက်စုံအရည်အချင်းပြည့်ဝသော ဘွဲ့ရပညာတတ်ဖြစ်ဖို့လိုသည်။

ထိုသို့ ဘွဲ့ရပညာတတ်ဖြစ်ရန်အတွက်လည်း ကျောင်းသင်ဆရာ ဆရာမများက ကျောင်းသားများအား အရည်အချင်းပြည့်ဝအောင် သင်ကြားပေးရန်လိုပြီး ကျောင်းသားများကလည်း အပတ်တကုတ် ကြိုးပမ်းအားထုတ်၍ ကျောင်းသင်ပညာရပ်များသာမက ကျောင်းပြင်ပညာရပ်များကိုပါ လက်လှမ်းမီသရွေ့ သင်ယူဆည်းပူးကြရန် ဖြစ်သည်။

ယခုအခါ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နေရသော ကာလဖြစ်၍ မိမိတို့အသက်မွေးဝမ်းကျောင်း အလုပ်များရရှိရန်အတွက် ဦးနှောက်ကို အသုံးပြုသည့် အတတ်ပညာ၊ အသိပညာ၊ နည်းပညာများ တတ်မြောက်ထားဖို့ လိုပေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သယံဇာတအရင်းအမြစ် နည်းပါးသော်လည်း ထိုပညာရပ်များ ပြည့်ဝသူလူသားအရင်းအမြစ်များ ပေါများသဖြင့် မိမိတို့အတွက်လည်း အလုပ်အကိုင်ကောင်းမွန်ပြီး နိုင်ငံသည်လည်း အနေအထိုင် အမြန် စီးပွားရေးရှေ့တန်းရောက်နိုင်ငံ ဖြစ်လာပေသည်။

ထို့ကြောင့် အရည်အချင်းရှိရှိ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းရေးအတွက် ဆရာ ဆရာမများက အားထုတ်မွေးမြူပေးရန်လိုအပ်သလို ကျောင်းသားများကလည်း ကြိုးစားအားထုတ်ဖို့လိုပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး တွေ့ဆုံနှုတ်ဆက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Dr.V.S Seshadri သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Col-Rajesh Kumar လည်းတက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Dr.V.S Seshadri အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နည်းပညာဥပဒေများပြဋ္ဌာန်းရေးနှင့် နည်းပညာကော်မတီများဖွဲ့စည်းရေး စည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချဘေးကင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အမျိုးသားစံချိန်စံညွှန်းများ သတ်မှတ်ပြီး ကာကွယ်မှုပြုရန်၊ သွင်းကုန်များ တင်သွင်းရာတွင် မိမိနိုင်ငံ၏ လက်ခံကျင့်သုံးနေသည့် အမျိုးသားစံများနှင့် ကိုက်ညီမှသာ တင်သွင်းခွင့်ပြုပြီး ပို့ကုန်များ တင်ပို့ရာတွင် မိမိထုတ်ကုန်၏စံသည် နိုင်ငံတကာနှင့်ကိုက်ညီနေရန်နှင့် အခြားနိုင်ငံများ၏စံများသည် နိုင်ငံတကာစံညွှန်းများထက်ပို၍ တင်းကျပ်ထားလျှင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအတားအဆီးဖယ်ရှားရေး သဘောတူညီချက်များဖြင့် တင်းကျပ်မှုများကို လျှော့ပေါ့ရန်တောင်းဆိုပြီး ကုန်သွယ်ရေး မျှတမှုကို တောင်းဆိုဖန်တီးရန်ဟူသည့်အချက်များကို ဆောင်ရွက်နိုင်ရန် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေနှင့် တိကျတိုင်းတာမှု နည်းပညာဥပဒေများ ပြဋ္ဌာန်းရေးနှင့် နည်းပညာကော်မတီများ ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေနှင့် တိကျတိုင်းတာမှုနည်းပညာဥပဒေများ ပြဋ္ဌာန်းရေး ဆောင်ရွက်ပြီးစီးမှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**



# (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးနန္ဒကျော်စွာနှင့် ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနယ်နယ်အရပ်ရပ်မှ ချင်းတိုင်းရင်းသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ချင်းတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိသည့် ချင်းတိုင်းရင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ဂုဏ်ပြုမိတ်ဆုံစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအား ချင်းတိုင်းရင်းသားကိုယ်စားလှယ်များက တိုင်းရင်းသားရိုးရာ အဆိုအကများ၊ ရိုးရာအစားအသောက်များဖြင့် ဂုဏ်ပြုဧည့်ခံကျွေးမွေးသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၂-၂-၂၀၁၃ (သောကြာနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | ၈း၀၀ | ပြည်တွင်းသတင်း |
| ၇း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | | -နိုင်ငံတကာသတင်းများ |
| ၇း၃၀ | နံနက်ခင်းသတင်း | | -မိုးလေဝသအခြေအနေ |
| ၄း၃၀ | ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာဘာသာရပ်) | | -"ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲအကြောင်း ဆွေးနွေးခန်း" |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (ဒုတိယတွဲ) (အပိုင်း-၁၆) | | -ငယ်မူဟန်ပန်သူ့ဆိုဟန် (ကြည်ကြည်ဌေး) |
| | | | -'ပြန်လည်ခံစားအနုပညာရပ်များ" (ဆိုဗီယက်ပြန် အကယ်ဒမီနွဲ့နွဲ့စန်း) (ဒုတိယပိုင်း) |

## ✱ သေနတ်ပစ်အားကစားအဖွဲ့မှ

တစ်နေ့လျှင် နှစ်ကြိမ်လေ့ကျင့်ပေးနေပြီး အောင်မြင်မှုရရှိဖို့ ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးနေပါတယ်။ လက်ရှိရွေးချယ်ထားတဲ့ ပဏာမကစားသမားတွေထဲက ဒဏ်ရာရသွားတာတွေ၊ စွမ်းဆောင်ရည်ကျသွားတဲ့ ကစားသမားတွေရှိရင် အချိန်မီလဲလှယ်နိုင်အောင် အရန်ကစားသမားတွေကို ရွေးချယ်လေ့ကျင့်ပေးထားပါတယ်"ဟု နည်းပြများဖြစ်ကြသည့် ဦးခင်မောင်ထူးနှင့် ဦးမြင့်အောင်တို့က လေ့ကျင့်ပြင်ဆင်မှုများနှင့် ပတ်သက်၍ ရှင်းပြသည်။

မြန်မာသေနတ်ပစ်အဖွဲ့သည် အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်နေသလို ရွှေတံဆိပ်ဆုအတွက် အားတက်စရာကောင်းသည်ကတော့ ကျည်ဆန်အစစ်ဖြင့် လေ့ကျင့်ခွင့်ရရှိနေခြင်းဖြစ်သည်။ ယခင်က လေ့ကျင့်မှုများပြုလုပ်ရာတွင် ကျည်ဆန်အစစ်ကို အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူခွင့်မရရှိသောကြောင့် ဖြစ်သလိုလေ့ကျင့်ခဲ့ရရာ ပြိုင်ပွဲကိုတကယ်တမ်း ယှဉ်ပြိုင်ရာတွင် မြန်မာသေနတ်ပစ်ကစားသမားများ အခက်အခဲအများအပြားဖြင့်ရင်ဆိုင်ခဲ့ရသည်။ အခက်အခဲများကြားမှ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်ပွဲဆင်ခဲ့သော မြန်မာသေနတ်ပစ်ကစားသမားများ၏ စွမ်းဆောင်ရည်ကို ချီးကျူးရမည်ဖြစ်သည်။

"အရင်က သေနတ်ပစ်ကစားသမားတွေဟာ ကျည်ဆန်အစစ်နဲ့ လေ့ကျင့်ခွင့်မရဘဲ ဖြစ်သလိုလေ့ကျင့်ခဲ့ရပါတယ်။ အခုတော့ ကျည်ဆန်အစစ်နဲ့ လေ့ကျင့်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့အတွက် အားသာချက်အများကြီးရှိပါတယ်။ ကျည်အစစ်နဲ့ လေ့ကျင့်နေမှသာ ပြိုင်ပွဲမှာအကောင်းဆုံးဖြစ်နိုင်မှာပါ။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

နှစ်ပေါင်း (၄၀) ကျော်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အောင်ပွဲရရှိရေး မြန်မာသေနတ်ပစ်ကစားသမားများ၏ ရွှေရောင်ပစ်မှတ်များဆီ အရောက်သွားနေမှုများကို လေ့လာမိရင်း . . . . . . ။ ။

# မြန်မာ-ဆာဘီးယားနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များဆွေးနွေး



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဆာဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗင်မာကစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ဆာဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗင်မာကစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်သို့ တရားဝင်ခရီး လာရောက်ခဲ့သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဆာဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗင်မာကစ်တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆာဘီးယား နိုင်ငံခြားရေးဝန်ကြီးအား အသိပေး ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆာဘီးယား နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မောင့်ပလဲစင့်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**




**သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## နိုင်ငံတကာသတင်း

# ဥပဒေမဲ့ သစ်ထုတ်လုပ်မှုနှင့် သစ်မှောင်ခိုမှု နိုင်ငံတကာရဲတပ်ဖွဲ့ စစ်ဆင်ရေးဆင်နွှဲ

ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၂၁

နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပိုလ်) သည် ဥပဒေမဲ့ သစ်ထုတ်လုပ်မှုများနှင့် သစ်မှောင်ခိုတင်ပို့မှု တိုက်ဖျက်ရေး နိုင်ငံတကာ စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ခဲ့ရာတွင် လူ ၂၀၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း အင်တာပိုလ်က ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကတိုက် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့ရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံ၌ ဥပဒေမဲ့ သစ်ခုတ်လှဲမှုများနှင့် သစ်မှောင်ခိုတင်ပို့မှု တိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းကို သုံးလကြာ ဆောင်ရွက်ခဲ့ရာတွင် ဒေါ်လာရှစ်သန်းတန်ဖိုးရှိ သစ်များကို သိမ်းဆည်းရမိခဲ့သည်။

### ဆုံးရှုံးနစ်နာ

ဥပဒေမဲ့ သစ်ထုတ်လုပ်သည့် ကုန်သွယ်ရေးလုပ်ငန်းကြောင့် ကမ္ဘာတစ်ဝန်းတွင် ဒေါ်လာ ဘီလီယံ ၁၀၀ အထိ ဆုံးရှုံးနစ်နာခဲ့ရကြောင်း အင်တာပိုလ်၏ ကြေညာချက်တွင် ဖော်ပြသည်။

### ဆက်နွှယ်

ဝေးလံသီခေါင်သော သစ်တောဒေသများအတွင်း ဒုစရိုက်ဂိုဏ်းများ လှုပ်ရှားနေကြောင်း၊ ယင်းဂိုဏ်းများသည် လူသတ်မှုများနှင့် အဂတိလိုက်စားမှုတို့နှင့် ဆက်နွှယ်မှုရှိကြောင်း အင်တာပိုလ်က ပြောကြားသည်။

ရိုက်တာ။



ဘရာဇီးနိုင်ငံ၌ ဥပဒေမဲ့ သစ်ထုတ်လုပ်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းကို နိုင်ငံတကာရဲတပ်ဖွဲ့က ဆောင်ရွက်စဉ်။

# လက်နက်နှင့် မူးယစ်ဆေးဝါး ရှာဖွေရာတွင် ရုရှားစစ်ဘက်က ကြွက်များ အသုံးပြုမည်

မော်စကို ဖေဖော်ဝါရီ ၂၁

ရုရှားစစ်ဘက်ဆိုင်ရာ သုတေသီများသည် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကို ရှာဖွေဖော်ထုတ်ရာတွင် ကြွက်များကို အသုံးပြုနိုင်ရန် လေ့လာလျက်ရှိကြောင်း အစ်ဇဘက်ရှားသတင်းစာက ဖေဖော်ဝါရီ ၂၁ရက်တွင် ရေးသားဖော်ပြသည်။

ကြွက်များသည် ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်များ ရှာဖွေရာတွင် ခွေးများထက်ပင် အနံ့ခံနိုင်စွမ်း ပိုမိုကောင်းမွန်ကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် ကြွက်များကိုအသုံးပြုလျက်ရှိပြီးဖြစ်ကြောင်း၊ ရုရှားစစ်ထောက်လှမ်းရေးနှင့် လျှို့ဝှက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက ကြွက်များကိုအသုံးပြု၍ ရှာဖွေမှုများ ပြုလုပ်နိုင်ရန် စမ်းသပ်လေ့လာမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားကျွမ်းကျင်သူပညာရှင်တစ်ဦးဖြစ်သူ ဗီနီဒီတော့ဗ်က ပြောကြားသည်။

ရိုက်တာ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြွက်များသုံး၍ ရှာဖွေမှု ပြုလုပ်နိုင်ရန် သုတေသနပြု လေ့လာစဉ်။

# ပါကစ္စတန်ရှိ ကျောင်းတစ်ကျောင်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

လာဟိုး ဖေဖော်ဝါရီ ၂၁

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ဖေဖော်ဝါရီ ၂၁ရက်က မီးလောင်ကျွမ်းရာ အသက် ခုနစ်နှစ်မှ ၁၂နှစ်အကြားရှိ ကလေး ၂၃ဦးနှင့် ဆရာမတစ်ဦး မီးလောင်ဒဏ်ရာများ ရရှိသွားသည်။ ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားရာမှ မီးလောင်ကျွမ်းခြင်း ဖြစ်သည်။

လာဟိုးမြို့ ရှတ်ဒရာဒေသရှိ ပုဂ္ဂလိကကျောင်း ဒါရာ-အာကွမ်မှ စာသင်ခန်းအတွင်း စတုတ္ထတန်း ကျောင်းသား ၂၀ ကျော် စာသင်ကြားနေစဉ် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် ကာရာဇက်အလီက သတင်းဌာနများသို့ ပြောကြားသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရာနေရာသို့ကယ်ဆယ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ လျင်မြန်စွာရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား မာရိုဆေးရုံသို့ ပို့ဆောင်ပေးလိုက်သည်။ မီးလောင်ဒဏ်ရာများမှာ အသက်အန္တရာယ်စိုးရိမ်ရသည့်အဆင့်မဟုတ်ပေ။ ၃၀ရာခိုင်နှုန်းလောက်သာ လောင်ကျွမ်းခံရကြောင်း သိရသည်။

ဆင်ဟွာ။



# အမေရိကန်ပြည်ထောင်စုတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ လူငါးဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

သွမ်ဆွန်(ဂျော်ဂျီယာ) ဖေဖော်ဝါရီ ၂၁

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်အရှေ့ပိုင်းရှိ ဩဂတ်စတာမြို့ အနောက်ဘက်မှ ကီလိုမီတာ ၅၀ခန့် ကွာဝေးသောနေရာရှိ သွမ်ဆွန်မက်ဒူဖီကောင်တီလေဆိပ်တွင် လေယာဉ်ငယ်တစ်စင်း ဆင်းသက်စဉ် ပျက်ကျကြောင်း၊ လူ ငါးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိကြောင်း ဖေဖော်ဝါရီ ၂၁ရက် သတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၀ရက် ဒေသစံတော်ချိန် ညဂနာရီခွဲတွင် လေဆိပ်ပြေးလမ်းအဆုံးကို ကျော်လွန်၍ ပျက်ကျသွားခြင်းဖြစ်ကြောင်း၊ အဆိုပါ လေယာဉ်ငယ်သည် လူခုနစ်ဦးကို တင်ဆောင်လာကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးရုံတင်၍ ကုသပေးလျက်ရှိကြောင်း၊ ၎င်းတို့အခြေအနေကို မသိရသေးကြောင်း၊ သေဆုံးသွားသူငါးဦး၏ အမည်နာမကို ၎င်းတို့ မိသားစုများထံ အကြောင်းမကြားရသေး၍ ထုတ်ဖော်ပြောကြားမှု မပြုလုပ်သေးကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါလေယာဉ်မှာ ဖော်ကာ ဘိချ်ခရပ်ဖ် ၃၉၀/ပရီမီယာ အမျိုးအစားဖြစ်ကြောင်း မြို့ပြလေကြောင်း အုပ်ချုပ်ရေးဌာနမှတာဝန်ရှိပုဂ္ဂိုလ်က အီးမေးလ်ပေးပို့သည်ဟု သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။













# ပွဲယာဂုမီးဖုန်းတွင် တပို့တွဲ နွဲလို့သာဆင်

## ဝိသဇ္ဇက(ပဲခူး)

"------နှင်းစိုစွတ်နှင့် ခိုင်ညွတ်ကယ်မာလာ
စံဗျူဟာလည်း မြော်ရာလွမ်းအောင်
တောနှင့်တောင်လဲ ငှက်မောင်ရွှေပြည်
ဇီးစိုးမြည်လို့ ဆည်မတန့်ရာ
သို့သည်ခါဝယ် သန္တာရိုးရဲ
ဂီဝါရောင်စွဲလေသို့ ပေါက်လဲငယ်ရွှေသည်
သင်းခွေထုံပန်းက ဖူးငုံဆင့်------"

(စာဆိုတော်လူဦးမင်း)

တပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလ၊ ဆောင်းနှောင်းလဖြစ်သည့် နွေရာသီသို့ ကူးပြောင်းတော့မည့် အချိန်ဖြစ်သဖြင့် ဆောင်းလည်းမပီ၊ နွေလည်း မမည်သော ကာလဖြစ်သည်။ တဖွဲဖွဲကျဆင်းနေသော ငွေနှင်းမှုန်လေးများ ပြယ်စပြုလာကာ ကောင်းကင်တစ်ခွင်လုံး ဝင်းပကြည်လင်လျက်ရှိသည်။

"ရွှေယုဂန်နန်းညိုမြက၊ စန်းခိုစလျှံလူ၊ ချမ်းဆိုမှုစံမတူသည်၊ သံယမ္ဘုသော်မှ၊ မီးမယ်ဖျူးရွှေလက်ကင်သည်၊ ရေစက်တွင်အေးတဲ့သည်လ။ ။ ဆင်ရာတိမ့်သိမ့်သိမ့်ဖြာသည်၊ ချိန်တာရာမာဃ၊ ငြိမ့်သာယာတိထိကြွလို့၊ သီသိရစက်ခွင်၊ ထန်းဆော်လေလဲဝါနုငယ်နှင့် ပွဲယာဂုမီးဖုန်းပေါ်တွင်၊ တွဲတပို့နွဲလို့သာ ဆင်သည်။"ဟု တပို့တွဲလသို့ရောက်ရှိတိုင်း တွေ့မြင်လေ့ရှိသည့် မြင်ကွင်းများကို ကဝိစာဆိုရှင် ဦးပုညက တစ်မူထူးခြားစွာ ရေးဖွဲ့ထားပေသည်။

တပို့တွဲလဟူသော အမည်သည် ထိုလရာသီတွင် ဖူးကြသီးကြသော ထန်းပင်ကို အကြောင်းပြုကာ ပေါ်လာသည် ဟူ၏။ တစ်နည်းထိုလတွင် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ တွဲလောင်းကျအောင်ပြုလုပ်၍ ထန်းရည်နည်းသည်ကို အစွဲပြုကာ တပို့တွဲလဟုတွင်လာသည်ဆို၏။ "ထန်းရည်နင်း၊ ပေါက်ကင်းတဲ့လဲ့ငုံ၊ ဆက်ရက်ကပင်၊ သာရကာနှင့် ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ"ဟူ၍ ဦးကြင်ဥ၏စာ၌ ဆိုထား၏။

တပို့တွဲလတွင် ပေါက်ပန်းနှင့် လဲပန်းတို့ပွင့်ကြ၏။ ပေါက်ပန်းကို ပေါက်ပင်က ပွင့်၏။ လဲပန်းကို လက်ပံပင်က ပွင့်သော်လည်း လက်ပံပန်းဟု မခေါ်၊ လဲပန်းဟုသာ ခေါ်ကြ၏။ အကြောင်းမှာ လက်ပံသီးမှ လဲကိုရသောကြောင့် ဖြစ်၏။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာတို့၌ တပိုဒ်တွယ်၊ တပို့တွဲ၊ တပိုဒ်တွယ်၊ တပိုင်တွဲဟူ၍ အမျိုးမျိုး ရေးထိုးထားသည်ကို တွေ့ရ၏။ ကျောက်စာအချို့၌ တပို့ဿတွယ်ဟု ဒုတိယအက္ခရာတွင် အပြစ်ထည့်၍ ရေးထိုးခဲ့၏။ ထို့အတွက်ကြောင့် ပုဂံခေတ်၌ ရေးထိုးခဲ့သော အရေးအသားကို မျက်မှောက်ခေတ်၌ ခေတ်ကာလရေးနည်းဖတ်နည်းအတိုင်း တပို့တွဲဟူ၍ ရေးကြဖတ်ကြခြင်းဖြစ်၏။

ဒုတိယ ကျော်အောင်စံထားဆရာတော်ကြီး၏ ဝေါဟာရတ္ထပကာပနီကျမ်းတွင် လယ်သမားများသည် လယ်ယာကိစ္စအချို့ပြီး၍ လယ်ယာလုပ်ကိရိယာများဖြစ်သော ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့် တပို့တွဲလဟူသောစကားတို့မှ ဖြစ်ပေါ်လာသည်ဟု မြန်မာဆန်ဆန် ကြံစည်ယူဆဟန်ရှိ၏။ လေ့သင်းအတွင်းဝန်ပြုစုသည့် ဝေါဟာရလီနတ္ထဒီပနီကျမ်း၌မူ ဒုတိယ ကျော်အောင်စံထားဆရာတော်၏ဝါဒကို သေးငယ်သည်ဟုဆိုကာ ပယ်ယောင်ပြုထား၏။ ယင်း၏ဆိုလိုချက်မှာ (ကုံ) ရာသီကိုစွဲပြီး တပို့တွဲလဟု မြန်မာဘာသာ ခေါ်ဝေါ်ခြင်းသည် အမရကောသအဘိဓာန်ကျမ်းသဂ္ဂဝဂ်တွင်"တပါပူပန်ရာဖြစ်သော လ၊ ဘယံ၊ ဤတပါသဒ္ဒါသည် မာဃေတပို့တွဲလ၌ ဘဝတီဖြစ်၏" ဆိုသည်။ တပါသဒ္ဒါကျေ၍ မြန်မာဘာသာမှာ တပို့တွဲခေါ်ဝေါ်သည်။ "လေ့သင်းအတွင်းဝန်၏ အလိုအားဖြင့် "တပဓာဝယ"မှ တပို့စွဲတပို့တွဲ အဆင့်ဆင့် ဖြစ်လာသည့် အဓိပ္ပာယ်မှာ "ပူသောလ" ဖြစ်သည်ဟုဆိုလို၏။

တပို့တွဲလ၏ ကုသိုလ်ပွဲဖြစ်သည့် မီးဖုန်းပွဲကို မြန်မာဘုရင်မင်းကိုယ်တိုင် ခမ်းခမ်းနားနားကျင်းပခဲ့ကြခြင်းနှင့် စပ်လျဉ်းပြီး လောကဗျူဟာကျမ်းနှင့် ကုန်းဘောင်မင်းဆက်မဟာရာဇဝင်တော်ကြီး (တတိယတွဲ)တို့တွင် တပို့တွဲလပြည့်နေ့၌ ရှေးမြန်မာဘုရင်တို့က ကျောင်း၊ ဘုရားများသို့ မီးဖုန်းပွဲနှင့်ထမနဲပွဲတို့အတွက် ထင်း၊ မီးမယ်ဖျူး(မီးအိုးကင်း)နှင့်ယာဂုတို့လှူသည့်အစီအစဉ် ဆောင်ရွက်ပုံတို့ကို အကျယ်တဝင့်ဖော်ပြထားသည်ကို လေ့လာရသည်။ ထိုစဉ်အခါပြည်သူများအနေဖြင့်လည်း မီးမယ်ဖျူး တွင်နံ့သာ၊ ထင်း၊ မီးသွေးစသည်တို့ဖြင့် မီးဖို၍ ကျောင်း၊ ဘုရားများသို့ သွားရောက်လှူဒါန်းပေးကာ ကုသိုလ်ပြုကြသည်။

တပို့တွဲလ၏ရာသီပွဲနောက်တစ်ပွဲမှာ ထမနဲပွဲ၊ ယာဂုပွဲဖြစ်သည်။ မြန်မာနိုင်ငံတွင် တပို့တွဲလသည် ကောက်ဦးပေါ်ချိန်ဖြစ်၍ လဆန်းအချိန်မှ လပြည့်နေ့တိုင်အောင် နိုင်ငံအနှံ့အပြားတွင် ထမနဲထိုးပွဲများကို ကျင်းပလေ့ရှိကြသည်။ နှမ်းဆီနှင့်နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြုပြီး"နှမ်းမနဲ" ဟုလည်း အမည်တွင်သေး၏။ အချို့ဒေသတွင် ယာဂုဟုခေါ်၏။

ယာဂုခေါ် ထမနဲပွဲနှင့်ပတ်သက်၍ ရှေးမြန်မာဘုရင်များ လက်ထက်မှစ၍ အဆက်ဆက်ဆင်ယင်ကျင်းပလာသည့် အစဉ်အလာပွဲပင်ဖြစ်သော်လည်း မလှိုင်မြို့သက်ကြီးညောင်အုပ် ကျောက်စာ၊ ကျော၊ ၂၊ ၃၊ ၄ တွင်"က(မိ)နန်ပဉ်ကူလေပြီ ဇေအ်။ ညေင်ပီဖုန်ကန်(ရီ)ပယ်တွင်တန်ထာ" ဟု လည်းကောင်း၊ ပုဂံမြို့စောလှဝန်ဘုရားကျောက်စာကျော ၂၂၊ ၂၃ တွင် "မီးဖုန်၊ သင်ကြန်၊ မြတ်စိယ်၊ ညောင်ရိယ်သွန်၊ မပြယ်စိတ်လျှင်တည်၏" ဟုလည်းကောင်း၊ ရှေးရေးကဗျာဖြစ်သော မြင်းခွာရွာစား၏ရတု၌ "ပေါက်လဲပွင့်လှိုင်၊ လနှင့်မြိုင်က၊ ဘုန်းခိုင်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ သုံးပါးရတနာမြတ်ရရာဝယ်၊ သဒ္ဒါကြည်လင်၊ ပျော်မြူးရွှင်လျက်၊ သဘင်မီးဖုန်း၊ တပြုံးပြုံးသည် ပြည်လုံးညွတ်တော့မည်ဘုရား" ဟုလည်းကောင်း မီးဖုန်းပွဲအကြောင်းကိုသာ အသီးသီးရေးသားဖွဲ့ဆိုခဲ့ကြသည်ကို ထောက်ရှုခြင်းအားဖြင့် ရှေးအခါက တပို့တွဲလ၏ ရာသီပွဲသည် မီးဖုန်းပွဲသာဖြစ်၍ ထမနဲပွဲကား မီးဖုန်းပွဲနောက်မှပေါ်လာသည့် နောက်တိုးပွဲဟု ယူဆရပေသည်။ ထိုထမနဲပွဲကို အစောဆုံးတွေ့ရသောခေတ်သည် ညောင်ရမ်း(ဒုတိယအင်းဝ)ခေတ် နောက်ပိုင်းပင်ဖြစ်သည်။

ယာဂုသည် ပါဠိစကားဖြစ်သည်။ ထမနဲသည် မြန်မာစကားဖြစ်၍ "အများမတူသပ၊ သာစုပွဲဟာကို၊ ယာဂုထမနဲထိုးချိန်အခါကျမှ"ဟူ၍လည်းကောင်း၊ "ယာဂုထမနဲ၊ အိုးကြီးကွဲကာမှ စွန့်ကြသည့်ဒါနလည်း" ဟူ၍လည်းကောင်း ဦးပုညက မေတ္တာစာဖြင့် ဖွဲ့ဆိုခဲ့ပါသည်။

တပို့တွဲလသည် ဆောင်းရာသီ၏ စတုတ္ထမြောက် အန္တိမရာသီဖြစ်သည်။ ဥတုခြောက်ပါးတွင်လည်း သိသိရရတုတွင် ပါဝင်သည်။ "နွေရာသီဟုဓာတ်ညီတက်ဟောင်း မိုးနှင့် ဆောင်းမူဓာတ်သက်ဟူ၏" ဟူ၍ နရသုခိကျမ်းဆရာက ဖော်ပြထားပါသည်။

ရာသီဆယ့်နှစ်ပါးတွင် ပြာသိုလမှဝါဆိုလအထိ "တက်ဥတု"၊ ဝါဆိုလမှပြာသိုလအထိ "သက်ဥတု" ခွဲထားပါသည်။ တက်ဥတုခြောက်လ၌ လူတို့သည် တက်ရုပ်ဖြစ်ကာ တေဇောဓာတ်၊ ဝါယောဓာတ်လွန်ကဲသည်။ ပင်ပန်း နွမ်းလျအင်အားတို့ ကုန်ခန်းကြ၏။ သက်ဥတုခြောက်လ၌ ပထဝီဓာတ်၊ အာပေါဓာတ်လွန်ကဲသည်။ အင်အားတို့ ပြည့်ဖြိုးကုန်ကြ၏။

တပို့တွဲလသည် တက်ဥတုတွင်ပါဝင်သည်။ တက်ဥတု၊ သက်ဥတုနှစ်ပါးတွင် ထူးထူးခြားခြားအနေဖြင့် အာဟာရနှင့် ပတ်သက်သော တန်ခူးလတွင် သကြၤန်ထမင်း၊ တန်ဆောင်မုန်းတွင် မဲဇလီဖူးဟင်း၊ တပို့တွဲလတွင် ထမနဲပွဲဟူ၍ ပွဲတော်သုံးမျိုးတွေ့ရှိရပါသည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီအာကာသ ဓာတ်စာဖြစ်စေသော ထမနဲထိုးပွဲသည် လိုက်လျောညီထွေရှိလှပါ၏။ ဆေးလည်းအစာ၊ အစာလည်းဆေး ဆိုစကားရှိ၏။ အေးမြသောဥတုတွင် ထမနဲသည် ဆေးဖက်ဝင်သောအစာဖြစ်သည်ဟု ရှေးမြန်မာဆေးပညာရှင်ကြီးများက ဖော်ပြခဲ့၏။ ဤလရာသီတွင် ထမနဲစားသုံးခြင်းအားဖြင့် အသားအရေ စိုပြည်၏။ အပူဓာတ်ရနိုင်မည်ဆို၏။ ပထဝီပျက်သူများ ထမနဲစားသင့်သည်ဆို၏။ တပို့တွဲလတွင် ထမနဲကိုစားခြင်းဖြင့် မိုးအခါ ဝမ်းရောဂါကာကွယ်၏။ နှာရည်စီရွဲ တပို့တွဲလတွင် ထမနဲကို ဆေးပညာရှုထောင့်မှ ရှုမြင်သုံးသပ်ကြပြီး ကျန်းမာရေးအတွက် ရာသီစာအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိ၏။ ထမနဲထိုးကြသည့်အချိန်မှာလည်း များသောအားဖြင့် လဆန်း(၁၄) ရက်ညဥ့်ဦးယံ၌ ထိုးလေ့ရှိကြပါသည်။ ထမနဲထိုးနည်းသည်လည်း အမျိုးမျိုးရှိခဲ့ပါသည်။ မိမိတို့ကြိုက်နှစ်သက်ရာနည်းများဖြင့် ထိုးကြပါသည်။ ထိုအထဲတွင် ထမနဲထိုးနည်းနိဿရည်းဟုဆိုသင့်သည့်-

"---ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်
တစ်စိတ် ဆန်သည် ကောက်ညှင်းရယ်နှင့်
တစ်ပိဿာ ဆီအမှန်သွင်းပါလို့ ချင်းကသုံးဆယ်
မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့်
အုန်းသီးဆန်အတူဖက်ပါလို့
နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ကြယ်ပထည့်ရိုး
လက်နှစ်သစ်သာပ၊ တွက်စစ်ကာ
ဆားချိန်တစ်ဆယ်သားရယ်နှင့်
ရောနှောကာ လူအများတို့ရယ်၊ အားသစ်လို့ထိုး"

ဟု မန်လည်ဆရာတော်ကြီး၏ ကဗျာပေါင်းချုပ်ကျမ်းစာမျက်နှာ (၂၉၆)တွင် မှတ်တမ်းတင် ရေးသားထားပါသည်။

၁၂၂၈ ခုနှစ် စားတော်ချက်ပေမူတွင်"ကောက်ညှင်းဆန်တစ်ပြည်ကို ညဥ့်ဦးကရေစိမ်၊ မိုးသောက်လျှင် ရေနှင့်ချက်၊ ဆားနှစ်ကျပ်နှစ်မတ်၊ နှမ်းနှစ်စလပ်၊ ဆီနှစ်ဆယ်၊ ချင်း၊ ကြက်သွန် တတ်အားသမျှထည့်၊ ဆီနှစ်ဆယ်ကျပ်သားကို အလျင်ကျက်အောင်ချက်ပြီးမှထည့်၊ ဆီမကျက်လျှင် စိမ်းစော်နံမည်" ဟူ၍လည်း အမတာယာဂုထမနဲကျိုနည်းကို လေ့လာရပါသည်။

ထမနဲထိုးခြင်း၏ ရည်ရွယ်ရင်းအဓိပ္ပာယ်ကို သေချာလေ့လာမည်ဆိုပါက လယ်ယာဦးကြီးတို့၏ လုပ်ငန်းခွင်ပြီးသည့် ကောက်ဦးပေါ်စအချိန်ဖြစ်ခြင်း၊ ပျော်ရွှင်ဖွယ်ရာ လှူဒါန်းကြခြင်းတို့ဖြစ်သည်။ ဆောင်းဥတုမှ နွေဥတုသို့ ပြောင်းသည့်ကာလတွင် ရာသီပြောင်းရောဂါများဖြစ်တတ်၍ အအေးဒဏ်ကိုလည်း ခံနိုင်ရန်နှင့် အပူဒဏ်ကို ရင်ဆိုင်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဥဏှပထဝီအာကာသဓာတ်စာဖြစ်သော ချွေးထွက်အောင်အားထုတ်ရသည့် ထမနဲကို ရှေးမြန်မာပညာရှိများက ရာသီနှင့်အညီ စီမံဖန်တီးခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ။

## ပဲခူးတိုင်းဒေသကြီး(အရှေ့) ဘုရားကြီးမြို့၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဘုရားကြီးမြို့နယ် လျှပ်စစ်ရုံးမှ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများက ဘုရားကြီးမြို့ ရွှေပြည်အေးရပ်ကွက် အောင်သိဒ္ဓိကုန်းတွင် (၁၁/၀. ၄) ကေဗွီ(၃၁၅)ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးအား တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ထရန်စဖော်မာ တည်ဆောက်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့မှုကြောင့် ရွှေပြည်အေးရပ်ကွက်၊ ရွှေတန်စုရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ နတ်ကင်းရပ်ကွက်၊ မွန်စုရပ်ကွက်နှင့် ကျောက်စက်လမ်းများရှိ ဓာတ်အားသုံးစွဲနေကြသော မီးသုံးစွဲသူပြည်သူများက ဗို့အားပြည့်ဝစွာ အသုံးပြုခွင့်ရခဲ့ကြသဖြင့် ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**(၅၈၈)**






NATURAL BREEZE Travels & Tours
"Breeze Brings the Remembrance of Your Life......"
ကိုရီးယား April 14 ၈ည ၉ရက်
April 11
Mar 4 / April 12-13
Mar 2 / April 13-14
Mar 24 / April 14
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရုပ်ကြွင်းလောင်စာများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးသုံးစွဲနိုင်ရန် တာဝန်ယူဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Energy Security Plan အား မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က လက်ရှိနိုင်ငံတော်၏ပို့ဆောင်ရေး



**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင် ဖြေကြားစဉ်။** (သတင်းစဉ်)

ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍနှင့် အခြားစက်မှုကဏ္ဍတို့အတွက် စက်မောင်းဆီနှင့် သဘာဝဓာတ်ငွေ့ကို စွမ်းအင်ဝန်ကြီးဌာနက ထုတ်လုပ်မှုအပေါ် မူတည်ပြီး ဖြန့်ဖြူးပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက စွမ်းအင်လိုအပ်ချက်သည် နိုင်ငံတကာတွက်ချက်မှုများအရ ဂျီဒီပီ၏ (၁ ဒသမ ၅)ဆခန့်သုံးစွဲရသည်ဟု လေ့လာသိရှိရပါကြောင်း၊ အဆိုပါလိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၁ ခုနှစ်က ကုန်းတွင်းပိုင်းရှိ လစ်လပ်လုပ်ကွက်များ၌ နိုင်ငံတကာရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းပြီး ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆိုကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရန် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး ယခုအခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်ကုမ္ပဏီများအနေဖြင့် ရေနံရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

၂၀၁၃ ဇန်နဝါရီ ၁၇ ရက်ကလည်း ကုန်းတွင်းပိုင်း လုပ်ကွက် (၁၈)ကွက်တွင် နိုင်ငံတကာရေနံကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်းပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရန် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ မကြာမီကာလတွင်လည်း လစ်လပ်သည့် ကမ်းလွန်လုပ်ကွက်အချို့အတွက် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီဖြန့်ဖြူးရေးကို ၂၀၁၀ခုနှစ် ဇွန်လမှစတင်ကာ နိုင်ငံပိုင်ကဏ္ဍအတွက်ကိုသာ တာဝန်ယူဖြန့်ဖြူးပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပုဂ္ဂလိကကုမ္ပဏီများကို စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပါကြောင်း၊ ထို့ပြင် အရောင်းဆိုင်သစ်များ ဖွင့်လှစ်ရောင်းချခွင့်ကိုလည်း ပေးလျက်ရှိပြီး မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် စက်သုံးဆီပိုမိုတင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ချက်ပြုတ်ရေးလုပ်ငန်းများတွင် အသုံးအများဆုံးဖြစ်သော ထင်း၊ မီးသွေးအစားထိုးနိုင်ရန်အတွက် ရေနံဓာတ်ငွေ့ရည်တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချသည့်လုပ်ငန်းများဆောင်ရွက်ရန်၊ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်သစ်များတည်ဆောက်ရန်၊ ရေနံဓာတ်ငွေ့ရည်စခန်းအသစ်များနှင့် ရေနံဓာတ်ငွေ့ရည် ဆိပ်ကမ်းအသစ်များတည်ဆောက်ဖွင့်လှစ်ရန် အဆိုပြုလွှာများကို နေ့စဉ်ထုတ်သတင်းစာများ၌ ထည့်သွင်းကြော်ငြာ ခေါ်ယူခဲ့ပါကြောင်း၊ လက်ရှိအချိန်အထိ ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း(၅)ခုကို ခွင့်ပြုမိန့်လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရေနံဓာတ်ငွေ့ရည်တင်သွင်းဖြန့်ဖြူးသည့်လုပ်ငန်းများ စနစ်တကျလုပ်ကိုင်လျက်ရှိနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏လိုအပ်သော စက်မောင်းဆီ ပြည်ပမှတင်သွင်းရမှု လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေသည့် အစားထိုးလောင်စာသုံးစွဲသွားရေးနှင့် စပ်လျဉ်း၍ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး မော်တော်ယာဉ်များကို CNG သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲပေးခဲ့ရာ လက်ရှိအခြေအနေတွင် မော်တော်ယာဉ်(၂၇၄၇၂)စီးပြောင်းလဲအသုံးပြုလျက်ရှိပြီး CNG ဆိုင် (၄၆)ဆိုင် ဖွင့်လှစ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏လိုအပ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့စွမ်းအင်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စွမ်းအင်ခြိုးခြံချွေတာရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးကိုလည်း အဓိကထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော လေအား၊ ရေအား၊ နေရောင်ခြည်အား၊ ဘူမိအပူစွမ်းအား စသည်တို့ကိုလည်း ပိုမိုကျယ်ပြန့်စွာအသုံးပြုကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများက မိမိတို့ဒေသအတွင်းရရှိနိုင်မည့် စွမ်းအင်အရင်းအမြစ်များကိုအခြေခံကာ ဒေသတွင်း စွမ်းအင်ဖူလုံစေရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၁၉၉၇-၁၉၉၈ ခုနှစ်မှ ယနေ့အထိ စွမ်းအားမြှင့်မီးဖို(၄၈၁၃၉၇)လုံး ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ထင်းအစား အခြားလောင်စာတောင့် (၉၃)သန်းကျော်ကို ဖြန့်ဝေပေးခဲ့ပါကြောင်း၊ နှစ်စဉ်လောင်စာတောင့် (၂ ဒသမ ၄) သန်းဖြန့်ဖြူးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှမ်းရိုး၊ ပဲရိုး၊ ဝါဂွမ်းရိုး၊ မြေပဲခွံစသည့်စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း တန်(၂) သိန်းကျော်ကိုလည်း ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ကျေးလက်မီးလင်းရေးနှင့် အိမ်သုံးစွမ်းအင်ရရှိနိုင်စေရန်ရည်ရွယ်လျက် သက်ဆိုင်ရာဝန်ကြီးဌာနများက ရုပ်ကြွင်းလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးသုံးစွဲနိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်နေကြပါကြောင်း။

ယခုနှစ် ဇန်နဝါရီ ၉ ရက်က နိုင်ငံတော်စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတဦးဆောင်သော အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီက စွမ်းအင်ကဏ္ဍအားလုံးနှင့် အကျုံးဝင်သည့်ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသားစွမ်းအင်မူဝါဒအမြန်ဆုံးရေးဆွဲနိုင်ရန် စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပြန်အလှန်အချိတ်အဆက်မိစေရန် ဆောင်ရွက်မည့်အပြင် ကော်မတီ၏လုပ်ငန်း



**ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းစဉ်။** (သတင်းစဉ်)

တာဝန်များတွင် "နိုင်ငံတော်၏ လတ်တလောကြုံတွေ့ရင်ဆိုင်နေရသော အကျပ်အတည်းသာမက ရေရှည်နှစ်ပေါင်းများစွာ မျိုးဆက်သစ်များ၏ အနာဂတ်ဘဝများကိုပါ လွှမ်းခြုံနိုင်စေမည့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန်" ဟူသည့်အချက်တစ်ချက်ကို ထည့်သွင်းရေးဆွဲထားပြီး အဆင့်လိုက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ အမျိုးသားစွမ်းအင်မူဝါဒ အမြန်ဆုံးရေးဆွဲနိုင်ရေး စတင်ဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးကြည်သာ**က "ဖြေကြားမှုဟာ စေတနာပါရှိပါတယ်၊ ဖြေကြားချက်တွေအပေါ် ကျေနပ်မှုရှိပါတယ်"ဟု ပြောပြခဲ့သည်။

ထို့ပြင် **၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ**နှင့်စပ်လျဉ်း၍ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ဥပဒေကြမ်းကော်မတီက ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး နည်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**အပေါ် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်များနှင့်စပ်လျဉ်း၍ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ရေဖြူမဲဆန္ဒနယ်မှ **ဦးဝင်းဦး**က "သဘောထားကွဲလွဲချက် အနည်းငယ်လေးကိုပဲ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါကိုအတည်ပြုလိုက်တယ်ဆိုရင်တော့ ဒီမှာတင်ပြီးသွားပြီပေါ့။ သဘောမတူရင်တော့ ပြည်ထောင်စုလွှတ်တော်မှာတင်ပြီးတော့ ဆက်ဆွေးနွေးကြမှာ။ အဲဒီသဘော ဖြစ်ပါတယ်။

ပြောရလို့ရှိရင်တော့ စတင်ပြင်ကတည်းက ကျွန်တော်တို့ ကော်မတီက ပြင်ခဲ့တယ်။ ၁၉၈၈ ခုနှစ်က ထုတ်ပြန်ထားတဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအဲဒီနှစ်ခုကို နှိုင်းယှဉ်ကြည့်ပြီးတဲ့အခါမှာ ဟိုတုန်းကဥပဒေတွေမှာ ကျွန်တော်တို့နိုင်ငံသားတွေဟာ နိုင်ငံခြားသားတွေလောက် အခွင့်အရေးတွေ မရခဲ့ကြဘူး။ ကျွန်တော်တို့ အခုထုတ်ပြန်မယ့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာတော့ ကျွန်တော်တို့နိုင်ငံသားတွေဟာ အားလုံးလုပ်ပိုင်ခွင့်ရှိရမယ်။ လုပ်တဲ့နေရာမှာလည်း အကန့်အသတ်နဲ့ပေါ့နော်။ ပံ့ပိုးမှုတွေကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနည်းတူ အနိမ့်ဆုံးတူညီစွာရရှိရမယ်။ ဒါပေမယ့် နိုင်ငံသားက ပိုရရှိသင့်တယ်ဆိုတာလေးတွေလည်း ကျွန်တော်တို့ တင်ထားတာရှိပါတယ်။

အမှန်ကတော့ နိုင်ငံတိုင်းမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုတာ တစ်ခုတည်းပဲရှိတယ်။ အဲဒါက နိုင်ငံသားရော၊ နိုင်ငံခြားသားရော အကျုံးဝင်တယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေရော၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေရော တူညီအောင် ပြုလုပ်ထားတာရှိပါတယ်"ဟု ပြောပြခဲ့သည်။

အလားတူ မလှိုင်မဲဆန္ဒနယ်မှ **ဦးအေးမောက်**ကလည်း "မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာ ရှိသင့်ရှိထိုက်တဲ့၊ မဖြစ်မနေရှိသင့်တဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ အရင်က ဒီဥပဒေရှိပြီး ဖြစ်သော်လည်း ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ ဖြစ်ဖို့လိုအပ်ပါတယ်။ အလားတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာလည်း အသစ်ရေးဆွဲပြဌာန်းပြီးဖြစ်သလို နည်းဥပဒေတွေကို အပြီးသတ်ပြဌာန်းနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံခြားသားတွေကို အထိုက်အလျောက်ဆွဲဆောင်မှုရှိဖို့ အခွင့်အလမ်း၊ အခွင့်အရေးတွေ ပေးထားပါတယ်။ ထို့အတူ မြန်မာနိုင်ငံသားတွေအတွက်လည်း တန်းတူညီတူပေးဖို့ လိုအပ်လာပါတယ်။ အဲဒီလိုအပ်ချက်တွေကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း ရေးဆွဲရာမှာ ထည့်သွင်းရေးဆွဲထားပါတယ်။ အလားတူပဲ



**ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး။** (ဓာတ်ပုံ-အေဝမ်းစိုး)

လုပ်နိုင်ကိုင်နိုင်အောင် မြန်မာနိုင်ငံသားတွေ ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်တွေပေးနိုင်အောင် ရေးဆွဲထားတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဟာ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ ဒီဥပဒေကြမ်းပေါ်ပေါက်လာရင် မြန်မာနိုင်ငံသားတွေအတွက် လွတ်လပ်စွာ လုပ်ကိုင်လာနိုင်မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ တန်းတူအခွင့်အရေးရလာမယ်။ တချို့ကဏ္ဍတွေကို မြန်မာနိုင်ငံသားတွေကသာ လုပ်ကိုင်ခွင့်ရှိလာမယ်။ နိုင်ငံသားတွေက နိုင်ငံခြားသားတွေနဲ့ လွတ်လပ်စွာဖက်စပ်လုပ်ကိုင်နိုင်မှာ ဖြစ်သလို ရင်းနှီးမြှုပ်နှံမှုများမှာ အကာအကွယ်ရလာမယ်။ အကျိုးအမြတ်တွေကို အပြည့်အဝရရှိလာမှာ ဖြစ်ပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ ဖေဖော်ဝါရီ ၁၄ ရက်စွဲဖြင့် ပေးပို့ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ပြန်လည်ဖွဲ့စည်းရေးဆိုင်ရာ သဝဏ်လွှာနှင့် ပတ်သက်၍ လွှတ်တော်သို့တင်ပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၉)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**✻ အမေရိကန်-မြန်မာမှ**

လက်ထောက်ဝန်ကြီး ဂျိုးဖာနန်ဒေ့ဇ်တို့က အဖွင့်အမှာစကားပြောကြားကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတင်းအချက်အလက်နည်းပညာ၊ စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဝန်ဆောင်မှုနှင့် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ခြင်း ထိုကဲ့သို့သော လုပ်ငန်းနယ်ပယ်များမှာ အမေရိကန်ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် အမေရိကန်ကုန်သည်ကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဇူလိုင်လ အခြေပြစာရင်းအရ မြန်မာနိုင်ငံ၌ အမေရိကန် ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းစီမံကိန်း ၁၅ ခု၌ အမေရိကန်ဒေါ်လာ ၂၄၃ ဒသမ ၅၆ သန်းရှိကြောင်း မြန်မာအစိုးရက ထုတ်ပြန်သောစာရင်းအင်း ကိန်းဂဏန်းများအရ သိရသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၉၃ ဒသမ ၆၄ သန်းရှိခဲ့သည်။ **(သတင်းလုလင်)**

---

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မန္တလေး ဖေဖော်ဝါရီ ၂၁**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေး ပထမနှစ်ကျောင်းသား ကျောင်းသူများ၏ Total Personal and Professional Development Programme အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ယာဉ်အန္တရာယ်လျှော့ချရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါ တက္ကသိုလ် စာသင်ခန်းမ(၂)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးသိန်းကိုကိုနှင့် ရဲအုပ်မြင့်စိုးတို့မှ ရှင်းလင်းဟောပြောပြီး ယာဉ်ထိန်းရဲမေ တပ်ဖွဲ့ဝင်များမှ ယာဉ်သွားလာမှုဆိုင်ရာများကို သရုပ်ပြခဲ့သည်။ ထို့နောက် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ကြောင်း သိရသည်။ **ကိုယ်ပွား(မန္တလေး)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘားအံတက္ကသိုလ်၌ သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

☆ ကျောဖုံးမှ

နေသဖြင့် တရားဝင် လုပ်ကိုင်နေသော ကုန်သည်ကြီးများအနေဖြင့် ထိခိုက်နစ်နာလျက် ရှိကြောင်း၊ တရားမဝင်လုပ်ငန်းများ ပပျောက်ရေးအတွက် နိုင်ငံတော်မှ Mobile Team ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့တွင် ပါဝင်သည့် ခြောက်ဖွဲ့အပြင် မီဒီယာနှင့် ပြည်သူလူထုအားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ပါမှ ကုန်သွယ်မှုပမာဏ မြင့်တက်လာမည်ဖြစ်သည့်အပြင် ဝင်ငွေခွန်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

လူဝင်မှုကြီးကြပ်ရေးအပိုင်းအနေဖြင့် မိမိနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ အရေအတွက်များနေသည်ကိုတွေ့ရပြီး ထိုင်းနိုင်ငံမှ မိမိတို့နိုင်ငံသို့လာရောက်မှု အခြေအနေကို စိစစ်ကြည့်ပါက များစွာနည်းပါးနေကြောင်း။

နယ်စပ်ဒေသ စနစ်တကျ ဖွံ့ဖြိုးရေးအတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တရားဝင်ဖြစ်အောင်၊ တိုးတက်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ လုပ်ငန်းများအောင်မြင်တိုးတက်မှသာ ဝင်ငွေတိုးတက်မှုရှိလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုလေ့လာရာ တံတားပေါ်၌ မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ်လမ်းကို တာဝန်ယူဖောက်လုပ်နေသည့် ထိုင်းနိုင်ငံမှ Seesang Kam Yothar ကုမ္ပဏီဥက္ကဋ္ဌ Mr. Siroj Wongsirojkul က လမ်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ချစ်ကြည်ရေးတံတားအနီးရှိ မြန်မာနယ်စပ်ဂိတ်၌ တာဝန်ကျဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြဝတီခရိုင် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သယ်န်းညီနောင်မှတစ်ဆင့် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဘားအံတက္ကသိုလ်၌ ဘားအံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ)၊ နည်းပညာတက္ကသိုလ် (ဘားအံ)နှင့် ပညာရေးကောလိပ် (ဘားအံ)တို့မှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက တက္ကသိုလ်/ကောလိပ်များသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် ပါဝင်သည့်အတွက် အမှန်တကယ် အဆင့်မြင့်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုပါကြောင်း။

တက္ကသိုလ်များသည် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဌာနကြီးဖြစ်၍ တက္ကသိုလ်၌ တာဝန်ယူသင်ကြားပေးနေသည့် ဆရာ ဆရာမများ အနေဖြင့်လည်း အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ Human Resource ဖြစ်အောင်သင်ကြားပေးရမည် ဖြစ်ကြောင်း၊ နောင်တစ်ခေတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် အရည်အချင်းပြည့်ဝသည့် ဘွဲ့ရလူငယ်များ မွေးထုတ်ရာမှာ ဆရာ၊ ဆရာမများ၏ တာဝန်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင်ကလည်း မိမိတို့၏ အရည်အသွေး မြင့်မားနေအောင် အစဉ်ကြိုးစားနေရမည်ဖြစ်ကြောင်း။

အရည်အချင်း ပြည့်ဝသည့် ကျောင်းသား ကျောင်းသူ ဘွဲ့ရပညာတတ်များ ထွက်ပေါ်လာပါမှ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး အသုံးစရိတ်များကိုလည်း တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ချထားပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပညာရေး အသုံးစရိတ် ဘီလီယံ ကျပ် ၃၀၀ ကျော်ခွဲဝေပေးပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဘီလီယံကျပ် ၆၀၀ ကျော်၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဘီလီယံ ကျပ် ၉၀၀ ကျော်အထိ တစ်နှစ်ပြီး တစ်နှစ် (၂/၃)ဆ တိုးမြှင့်ချထားပေးလျက်ရှိပါကြောင်း၊ သို့သော် ပညာရေးကဏ္ဍအတွက် ပိုမိုလိုအပ်နေဦးမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်အောင် နိုင်ငံတကာ တက္ကသိုလ်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ASEAN Community ထူထောင်ပြီးပါက ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ဝင်ရောက်မှု ရင်းနှီးမြှုပ်နှံမှု သတင်းပြန်ကြားရေး စသည့် ရင်ဆိုင်မှုများဖြင့် ကြုံတွေ့ရမည်ဖြစ်ပြီး အရည်အသွေး ပြည့်ဝမှုဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထူးချွန်ထက်မြက်သော ဘွဲ့ရလူငယ်များ ပေါ်ထွက်လာအောင် ဆရာ ဆရာမများက သင်ကြားပေးစေလိုပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်ချက်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုစာအုပ်များ၊ ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမများ၏ ပါရဂူဘွဲ့ယူကျမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ မဟာဘွဲ့ယူကျမ်းများကိုလည်းကောင်း၊ ဘားအံတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ် နှစ်ဆောင် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ သုံးထပ်ဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Ivan Mrkic ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)



အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးမောင်တိုးနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဆားဘီးယား နှစ်နိုင်ငံအစိုးရချင်း၊ နှစ်နိုင်ငံ လွှတ်တော်ချင်း၊ နှစ်နိုင်ငံ ပြည်သူချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲနေမှုများ၊ ဒီမိုကရေစီစနစ် ဖော်ဆောင်နေမှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ထိုင်းဘုရင်ဟောင်းအရိုးပြာရှိသည်ဟုဆိုသော အုတ်ဂူတူးဖော်နိုင်ရေး ရှင်းလင်းဆွေးနွေးပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်အတွင်းရှိ လင်းဇင်းကုန်းသုသာန်၌ ထိုင်းဘုရင်



ဟောင်း King Kyao Bwa Htauk ၏ အုတ်ဂူဟုဆိုသော အုတ်ဂူတစ်ခုအတွင်းရှိ အရိုးပြာအား တူးဖော်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ The Association of Siamese Architects Under the Royal Patronage of His Mijestry of King မှ အဖွဲ့ခေါင်းဆောင် Dr .Vichit Chinalai နှင့် ကွင်းဆင်းဆောင်ရွက်ကြမည့် ဗိသုကာပညာရှင်နှင့် သမိုင်းပညာရှင် အဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပွဲကို မန္တလေး-စစ်ကိုင်းလမ်းမကြီးပေါ်ရှိ စွန်ပျံခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီ၌ ကျင်းပရာ ရှင်းလင်းပွဲသို့ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း၊ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမရပူရဦးပိန်တံတားအနောက်ထိပ်ရှိလင်းဇင်းကုန်းသုသာန်တွင် ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူဟုဆိုသော အုတ်ဂူတစ်ခုရှိသည်ဟု သိရပြီး သက်ကြီးရွယ်အိုရှေးမီ နောက်မီ သူများကလည်း ထိုင်းဘုရင်ဟောင်း၏ သင်္ချိုင်းဖြစ်ကြောင်း ပြောဆိုကြသည်။ သင်္ချိုင်းမှာ ပေ ၂၀ ခန့်မြင့်ပြီး လူနှစ်ဖက်ခန့်ကြီးသော အုတ်တိုင်ကြီးဖြစ်သည်။ **(ဓါတ်ပုံ)** သင်္ချိုင်းအချို့မှာ တရုတ်တိုင်စေတီပုံမျိုး တည်ထားလေ့ရှိရာ ယခုသင်္ချိုင်းမှာလည်း တရုတ်တိုင်ပုံသဏ္ဍာန်ဖြစ်သဖြင့် ထိုင်းဘုရင်ဟောင်း၏ သင်္ချိုင်းဟု ယူဆကြကြောင်း သိရသည်။

**(ဘဦး)**

# မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ခင်မောင်စီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်မည့် (၉)ကြိမ်မြောက် COMMIT အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် သတင်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲမှူး ခင်မောင်လှနှင့် UNIAP, UNICEF, World Vision (Myanmar)Save the Children, IOM တို့မှ ကိုယ်စားလှယ်များ ပါဝင်ကြောင်း သိရှိရသည်။

မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံ ခြောက်နိုင်ငံ၏ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၉-၁၀-၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပုသိမ်ပညာရေးကောလိပ် (၁၅)ကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်အပ်နှင်း**

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

(၁၅)ကြိမ်မြောက် ဆရာအတတ်ပညာဒီပလိုမာလက်မှတ် အပ်နှင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် ပုသိမ်ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်ပညာရေးကောလိပ် နှစ်ထပ်အိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# လုပ်ငန်းရှင်များ နိုင်ငံတော်၏စေတနာကိုနားလည် သတ်မှတ်မှုဘောင်အတွင်းမှ ဆောင်ရွက်

**နေပြည်တော်　ဖေဖော်ဝါရီ　၂၁**

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုလုပ်ငန်းများဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက အခက်အခဲရှိသည်များကို အချိန်မီတင်ပြညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများမှ ဝင်ရောက်နေသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ စားသောက်ကုန်၊ ဆေးဝါးစသည့် ကုန်ပစ္စည်းများတွင် အရည်အသွေးမမှန်သော အတုများဖြစ်နေသည့်အတွက် စနစ်တကျ စစ်ဆေးဖော်ထုတ်ရန် လိုအပ်ကြောင်း၊ Mobile Team များ ဖွဲ့စည်း၍ ထိန်းသိမ်းကြပ်မတ်ပေးလျက်ရှိသော်လည်း တရားမဝင်ဝင်ရောက်နေမှုများ ရှိနေသေးသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက ဝိုင်းဝန်းထိန်းကျောင်းမှု၊ ထိရောက်သော အရေးယူတားဆီးမှုများ ပြုလုပ်သွားရန်လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လယ်ယာပို့ကုန်များတိုးချဲ့တင်ပို့နိုင်ရန်၊ အထွက်ကောင်း မျိုးကောင်း၊ မျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာရေးအတွက် မျိုးစေ့ထုတ်လုပ်သည့် ကုမ္ပဏီများထူထောင်ရေးအသင်းအဖွဲ့များမှ ဦးစီးဆောင်ရွက်ပေးရန်၊ အသားတင်ပို့မှုတွင်လည်း အေးခဲအမဲသားကို လောလောဆယ် ခွင့်ပြုမထားသော်လည်း အသားစားနွားစနစ်တကျမွေးမြူထားပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်စိစစ်ပြီးတင်ပို့မှုကို ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်မွေးမြူကြစေလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေပြီဖြစ်၍ ကုန်သွယ်မှုကဏ္ဍသည် ဦးဆောင်ကဏ္ဍတစ်ခုတွင် အပါအဝင်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသောအခြေအနေများအရ မြန်မာနိုင်ငံသည် အာရှနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံအများစုနှင့်ပါ ကုန်သွယ်မှုပြုနိုင်တော့မည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကုန်သည်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ဖြေလျှော့မှုများဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များအပိုင်းကလည်း နိုင်ငံ၏ စေတနာကို နားလည်ပြီးသတ်မှတ်ထားသည့်မှုဘောင်အတွင်းမှ ဆောင်ရွက်သွားကြရန်နှင့် အခွန်အခများ မှန်မှန်ကန်ကန်ပေးဆောင်ကြရန်လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် တရားဝင်ကုန်သွယ်မှုနှင့် အခွန်ရှောင်မှုများရှိနေပါကြောင်း၊ ထို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များ၊ အသင်းအဖွဲ့များအားလုံး ပေါင်းစပ်သတင်းပေးဖော်ထုတ်ရန်လိုအပ်ပါကြောင်း၊ မှန်မှန်ကန်ကန်ကုန်သွယ်မှုပြုလုပ်သူများ မနစ်နာစေရေးနှင့် စားသုံးသူများ လုံခြုံမှုအပြည့်အဝရှိစေရန် တရားမဝင်ကုန်သွယ်မှုကို ဝိုင်းဝန်းဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့ဈေးကွက်သည် ပြိုင်ဆိုင်မှုကြီးမားနေသည့်အတွက် အရည်အသွေးမှန်ကန်မှု၊ ကတိကဝတ်တည်ကြည်မှု၊ သဘောတူညီထားသည့် စံချိန်စံညွှန်းများအတိုင်း ရောင်းဝယ်တင်ပို့ကြမှသာ ကုန်သွယ်မှုကဏ္ဍသည် ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုပြုလုပ်ရာတွင် သယ်ယူပို့ဆောင်ရေးအပါအဝင် Logestic စရိတ်များသည် အရေးပါသည့်အတွက် လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး(၁/၂၀၁၃) ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း

**နေပြည်တော်　ဖေဖော်ဝါရီ　၂၁**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားရာတွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံအတွင်းရှိ စခန်း(၁၁)ခု၌ တာဝန်ထမ်းဆောင်ရန်အတွက် ထွက်ခွာသွားသော အမှုထမ်း အရာထမ်း ၈၉ ဦးသည် သတ်မှတ်စခန်းများသို့ ရောက်ရှိ တာဝန်ထမ်းဆောင် နေကြပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့(၁၁)ဖွဲ့အား ကြီးကြပ်ရန်အတွက် ညွှန်ကြားရေးမှူး တစ်ဦးအား တာဝန်ပေးအပ်ထားပါကြောင်း၊ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်မှာ မြန်ဆန်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအချင်းချင်း ညှိနှိုင်းခဲ့ရခြင်းဖြစ်၍ မလိုအပ်သော လုပ်ငန်းစဉ်များကို လျှော့ချ၍ ပြီးမြောက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Nationality Verification ဆောင်ရွက်မှုတွင် သံသယဖြစ်ဖွယ်ဆိုးဖြတ်၍မရပါက မြန်မာနိုင်ငံသို့ အချက်အလက်များ ပြန်လည်ပေးပို့ အတည်ပြုချက်ရယူရန် မှာကြားထားပါကြောင်း၊ မကြာမီ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ၎င်းတို့၏ သားသမီးများ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ လူမှုအကာအကွယ်ပေးရေး၊ မိသားစုလွှဲပို့ငွေဆိုင်ရာ ကိစ္စရပ်များကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ဆွေးနွေးရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ သွားရောက်ရန်ရှိကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များက ထိုင်းနိုင်ငံတွင် ဆွေးနွေးမည့်အချက်များအား ထိထိရောက်ရောက် ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများနှင့် မှီခိုသူများအတွက် အထောက်အထားများ ထုတ်ပေးရေး၊ ကလေးများ ပညာသင်ကြားရေး၊ ကျန်းမာရေးဆောင်ရွက်ပေးမည့်အခြေအနေ၊ Seasonal Workers များအတွက်Visa ထုတ်ပေးရေး၊ ရွှေ့ပြောင်းအလုပ်သမားများ ထိခိုက်/သေဆုံးမှုများအတွက် ကူညီထောက်ပံ့ရေး၊ ရွှေ့ပြောင်း အလုပ်သမားများ၏ မှတ်တမ်းပေါင်း ၁ ဒသမ ၈ သန်းကို PDTS System ဖြင့် Digitization ပြုလုပ်ရေး၊ မိသားစုလွှဲပို့ငွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၂-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၈း၁၀ | ဇာတ်လမ်းတို |
| ၄း၂၀ | မြန်မာစာ၊မြန်မာစကား (အပိုင်း-၁၀) |
| ၄း၂၇ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၁၅ | "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၇) -ရှင်းရခက်ကြီး (အပိုင်း-၁) (ချစ်ဖွယ်၊ နိုင်ဝင်း၊ သူရဇ္ဇ၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန်(အပိုင်း-၇) -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ချစ်ခြင်း"(အပိုင်း-၁၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ "(အပိုင်း-၇၀) |



# မကွေးတိုင်းဒေသကြီးရှိ အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)၌ ယာဉ်အမျိုးမျိုးထုတ်လုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးစက်မှုနယ်မြေရှိအကြီးစား မော်တော်ယာဉ်များနှင့် Gear Box များ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် သွားရောက်၍ စက်ရုံမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ ဈေးကွက်အခြေအနေကို မျက်ခြည်မပြတ်လေ့လာပြီး ယှဉ်ပြိုင်စွမ်းရှိသည့် အရည်အသွေးကောင်းသော ပစ္စည်းများထုတ်လုပ်ရေး၊ သုံးစွဲသူများ စိတ်ကြိုက်ဖြစ်မည့် ထုတ်ကုန်များဖြစ်ရန် အလေးထားဆောင်ရွက်ရေး၊ Workmanship ကောင်းမွန်ရေး၊ Supervision နှင့် Quality Control ကိုအလေးထားလိုက်နာဆောင်ရွက်ရေး၊ ဝန်ထမ်းများ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ စက်ရုံဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်အန္တရာယ် မဖြစ်စေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် စက်ရုံအတွင်းရှိ ထုတ်လုပ်မှုလုပ်ငန်းများ၊ ဈေးကွက်ဖြန့်ချိရန် အသင့်ဖြစ်နေသည့် Heavy Turbo Truck များ၊ ထုတ်လုပ်သည့်ယာဉ်များအား စမ်းသပ်ဆောင်ရွက်နေမှုများနှင့် ယာဉ်အစိတ်အပိုင်းများ တပ်ဆင်ရန် အသင့်စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Gear & Transmission Plant ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်၍ CNC စက်များဖြင့် Gear Box များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီး Gear Box များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မကွေးစက်မှုနယ်မြေရှိ အကြီးစား မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံကို အိန္ဒိယနိုင်ငံ TATA Motors Ltd. နည်းပညာအကူအညီဖြင့် နိုင်ငံ၏သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော Heavy Turbo Truck များ ထုတ်လုပ်ဖြည့်ဆည်းပေးရန်၊ Civilian Vehicle များဖြစ်သည့် City Bus, Cargo Truck, Dump Truck, ရေသယ်ယာဉ်နှင့် မီးသတ်ယာဉ်များ ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ နိုင်ငံတစ်ဝန်း လက်ရှိအသုံးပြုလျက်ရှိသည့် Heavy Turbo Truck များအတွက် လိုအပ်သော Spare Parts များ ထုတ်လုပ်ပေးရန်နှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းမှ ဒေသဖွံ့ဖြိုး လာစေရန် ရည်ရွယ်၍ တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အကြီးစားမော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံမှ Heavy Turbo Truck များဖြစ်သည့် LPT 2116 (6x2) နှင့် LPT 2123 (6x4) များ၊ 29 Seater Bus များ၊ LPK 2523 Tipper စသည့် မော်တော်ယာဉ်အမျိုးမျိုးကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ Heavy Turbo Truck များကို တစ်နှစ်လျှင် အစီး ၁၀၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်းနှင့် Gear & Transmission Plant ကို တရုတ်နိုင်ငံမှ နည်းပညာအကူအညီဖြင့် တည်ဆောက်ခဲ့ပြီး Truck Gear Box များ တစ်နှစ်လျှင် အလုံး ၅၀၀ အထိ ထုတ်လုပ်ပေး နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လတ်တလောပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့လာသည့် ပြည်သူတို့အား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လတ်တလောပဋိပက္ခကြောင့် ကချင်ပြည်နယ် ဖားကန့်ဒေသသို့ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူတို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့လာသည့် ငွေကျပ် ၁၅၂ သိန်း ခြောက်သောင်းကျော်တန်ဖိုးရှိ ပစ္စည်းရှစ်မျိုးပါ မိသားစုသုံးပစ္စည်း ၉၇၁ စုံနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသည့် *Family Kit & Kitchen set* ၅၀၃ စုံတို့ကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အတွင်း ဖားကန့်ဒေသရှိ ကယ်ဆယ်ရေးစခန်းအသီးသီးသို့ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သီးထွက်အားလျော့ပြီး ဝယ်လိုအားတိုးကာ ရန်ကုန်အုန်း၊ ငှက်ပျောဈေးကွက်တွင် အရောင်းအဝယ်သွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ရှိ အုန်း၊ ငှက်ပျောဈေးကွက်အတွင်းသို့ သီးထွက်အားလျော့ခြင်းကြောင့် အဝင်နည်းပြီး ဝယ်လိုအားကောင်းနေရာမှ အရောင်းအဝယ်သွက်နေသည့် အခြေအနေရှိကြောင်း ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းရှိ အုန်း၊ ငှက်ပျောဈေးကွက်မှ သိရသည်။

“အသီးသီးအားက အရင်နှစ်ထက်စာရင် လေးပုံတစ်ပုံလောက်နည်းသွားတယ်။ သုံးပုံလောက်ပဲ ထွက်တယ်။ ဈေးကွက်ရဲ့ ဝယ်လိုအားကိုတော့ အလျဉ်မီအောင် ဖြည့်နေရတာပေါ့” ဟု အရောင်းကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။ ယခုအချိန်တွင် အဝယ်များလာမှုကြောင့် ဈေးနှုန်းအနည်းငယ် တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်း အထက်ပိုင်းမှ ငှက်ပျောသယ်လာသည့် ကားကြီးများမှာ အပြန်တွင် မြန်မာနိုင်ငံအောက်ပိုင်းမှ အုန်းသီးများကို သယ်ဆောင်သွားကြကြောင်း သိရသည်။

ငှက်ပျောဈေးကွက်တွင် ကျိုက်ပျော်၊ ကျောင်းကုန်းဘက်မှ ရေလမ်းဖြင့် ဝင်ရောက်လာသော ငှက်ပျောများမှာ အရည်အသွေး ညံ့ခြင်းကြောင့် ရန်ကုန်ဈေးကွက်တွင် ကျောက်ဆည်၊ ရွှေဘို၊ မတ္တရာဘက်မှ ကုန်းလမ်းဖြင့် ဝင်ရောက်လာသော ငှက်ပျောများကို အားထားလာကြခြင်းများ ရှိကြောင်း သိရသည်။



“ဈေးကွက်အခြေအနေကတော့ ဆက်ပြီးကောင်းဖို့ မြင်နေသေးပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မတ်လ၊ ဧပြီလလောက်တွင် ရှင်ပြု၊ နားသစေသော အလှူပွဲများ၊ မင်္ဂလာပွဲများ၊ ရိုးရာဓလေ့ပွဲတော်များကြောင့်လည်း အရောင်းအဝယ်သွက်သည့် ကာလမျိုးရှိခဲ့ဖူးကြောင်း ငှက်ပျောဒိုင်တစ်ဦးက ပြောသည်။

အုန်းသီးဝင်ရောက်မှုမှာ တစ်ရက်လျှင်ပျမ်းမျှ ဆွဲအုန်းအလုံးရေ ၇၀၀၀၀ ပတ်ဝန်းကျင်၊ အခွံချွတ်အုန်းအလုံးရေ ၂၀၀၀၀ ပတ်ဝန်းကျင် ဝင်ရောက်မှုရှိပြီး အုန်းသီးများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်ကာ ဈေးနှုန်းများမှာ ဆွဲအုန်းတစ်လုံးလျှင် ကျပ် ၃၀၀ မှ ၄၀၀ ကြား၊ အခွံချွတ်အုန်းမှာ ကျပ် ၁၈၀ မှ ၃၀၀ ကြား ပေါက်ဈေးရှိကြောင်း၊ ငှက်ပျောမှာ ရန်ကုန်ဈေးကွက်တွင်သာ ရောင်းချခြင်းဖြစ်ပြီး **(အပေါ်ပုံ)** ရန်ကုန်ဈေးကွက်၏ လိုအပ်ချက်အတွက် ဧရာဝတီ တိုင်းဒေသကြီးဘက်မှ ရေလမ်းကြောင်းဖြင့် ဝင်ရောက်ကြပြီး အလယ်ပိုင်း၊ အထက်ပိုင်းမှ ကုန်ကားများဖြင့် ကုန်းလမ်းမှ ဝင်ရောက်ခဲ့ကြကြောင်း၊ ရေလမ်းမှ ဝင်ရောက်မှုမှာ တစ်ရက်လျှင် ပျမ်းမျှ အခိုင် ၂၀၀၀ ရှိပြီး တစ်ဖီးလျှင် ပျမ်းမျှ ငွေကျပ် ၂၀၀ မှ ၆၀၀ ကြား ပေါက်ဈေးရှိနေကြောင်း၊ ကုန်းလမ်းမှ ဝင်ရောက်လာမှုမှာ တစ်ရက်လျှင် ပျမ်းမျှ ၁၀ ဘီးကား သုံးစီးမှ ခြောက်စီးကြားရှိပြီး ဈေးနှုန်းမှာ ပျမ်းမျှတစ်ဖီးလျှင် ငွေကျပ် ၇၀၀ မှ ၁၀၀၀ ကြားပေါက်ဈေးရှိကြောင်း သိရသည်။ **(ထက်ခိုင်-စမ်းချောင်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ရုံးအမှတ်(၄၇)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနခွဲအသီးသီးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် အရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

| ရာထူး | လစာနှုန်း | ခန့်ထားမည့်နေရာ |
|---|---|---|
| လက်ထောက်တိုင်းရင်းဆေးမှူး | (၅၉၀၀၀-၁၀၀၀-၆၄၀၀၀) | (၇၄)နေရာ |
| ဒု-လက်ထောက်တိုင်းရင်းဆေးမှူး | (၅၃၀၀၀-၁၀၀၀-၅၈၀၀၀) | (၁၁၄)နေရာ |

၂။ အရည်အချင်းသတ်မှတ်ချက်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးအတွက် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ဒု-လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးအတွက် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)(သို့) တိုင်းရင်းဆေးပညာဒီပလိုမာ အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) ၁-၃-၂၀၁၃ ရက်တွင် အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(င) ပြည်တွင်း၌ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်။

(က) မိမိ၏ ကိုယ်တိုင်ရေးလျှောက်လွှာနှင့်ကိုယ်ရေးမှတ်တမ်းအကျဉ်း

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်နှင့် အောက်လက်မှတ်မိတ္တူ

(ဃ) တိုင်းရင်းဆေးဆရာမှတ်ပုံတင်မိတ္တူ

(င) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက် မူရင်းပူးတွဲတင်ပြရမည်။

(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ၁"×၁½"ဓာတ်ပုံ (၂)ပုံ ပူးတွဲ တင်ပြရမည်။

(ဆ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာရေးသားဖော်ပြပေးရပါမည်။

(ဇ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် လက်ထောက်တိုင်းရင်းဆေးမှူးနှင့် ဒု-လက်ထောက်တိုင်းရင်းဆေးမှူးအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများကို ၄-၃-၂၀၁၃ ရက် ၁၄:၀၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ ပေးပို့ လျှောက်ထား ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံ စဉ်းစားမည်မဟုတ်ပါ။)

၆။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများအား တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) နေပြည်တော်တွင် လူတွေ့/နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၇။ လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများအား ၁၈-၃-၂၀၁၃ ရက်မှစ၍ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၌ နံနက် ၉ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်)ဘွဲ့ထောက်ခံချက်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင် လာရပါမည်။

၈။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ စုံစမ်းမေးမြန်းလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ်(၄၇)နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၃၀၉၂/ ၄၃၀၉၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ (သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါ သည်။)

---

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ်(၁၉/၂၁)ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးပိုင်မြေကွက်တွင် (၁၂)ထပ်အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ ယင်းအဆောက်အအုံတွင် ယာဉ်ရပ်နားနေရာ(၂)ထပ်နှင့် ရုံးခန်းနေရာ(၁၀)ထပ် ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူမှ အပြည့်အဝရင်းနှီးမြှုပ်နှံ၍ အချိန်ကာလ(၂)နှစ်အတွင်းပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်အကျိုးအမြတ်ခွဲဝေခြင်းစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁၅-၃-၂၀၁၃ ရက်နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အောက်ပါနေရာများတွင် ဝယ်ယူ၊ တင်သွင်းနိုင်ပါသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်မြို့

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း-၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၁၄၃

(ခ) *Fax*-၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၁၄၃

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

---

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအတွက် *Satellite Images* များကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်-

| | |
|---|---|
| *Resolution* | *: 0.6 meter or less* |
| *Satellite* | *: Quick Bird, Worldview-2, Geoeye-2* |
| *Type* | *: Archive within 6 months/New collection* |
| *Bands Combination* | *: Panchromatic or Pansharpen* |
| *Cloud Coverage* | *: Less than 10%* |

၂။ တင်ဒါပုံစံ တစ်စောင်လျှင် (၁၀၀၀ိ/-)နှုန်းဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရုံးအမှတ်(၁၅)တွင် တင်ဒါလျှောက်လွှာများအား ဝယ်ယူနိုင်ပြီး ၂၇-၂-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် *Satellite Image* များ၏ တည်နေရာ အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**ရုံးအမှတ်(၁၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၁၂၉၊ ၀၆၇-၄၁၀၂၅၁**


**MYANMAR PAGODA CAR RENTAL**

ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။ အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။ဖုန်း-၀၁-၅၁၈၃၃၅၊ ၀၉-၄၃၀၈၈၈၁၀၊ ၇၃၀၇၇၀၂၀






## ကျေးဇူးဆပ်ပါမည်

ကျွန်မ မေသန္တာဝင်း [၁၂/ကမန(နိုင်)၀၆၅၃၆၇] အဖ ဦးထွန်းမြင့်၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:0973204509**



## ကျေးဇူးဆပ်ပါမည်

ရွှေလမင်းနဂါးကုမ္ပဏီလီမိတက်မှ သွင်းကုန်လိုင်စင်*(IL 1 12-13 7227 25/01/2013)* တစ်စောင်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ဖြင့် ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉၄၂၀၇၈၂၃၅**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် (၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆) ဧရိယာ(၂၀. ၄၈၇)ဧကကို အမည်ပေါက် ဒေါ်နန်းမြဟန်[၁၃/နခန(နိုင်)၀၅၂၃၄၆] ထံမှ ဒေါ်လွှေ့လွှေ့[၁/မကန(ဧည့်)၀၀၁၈၉၇]က မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆို၍ လွှဲပြောင်းရယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်လွှေ့လွှေ့အမည်ဖြင့် မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**အထက်မြန်မာပြည်သတင်း**

# ညောင်ဦးမြို့နယ် ရွာသာအေး၌ စက်ရေတွင်းတူးဖော်

**ညောင်ဦး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရွာသာအေးကျေးရွာ၌ စက်ရေတွင်း တူးဖော်လျက်ရှိသောနေရာသို့ နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှဲ့လှဲ့နွယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းညွန့်၊ အင်ဂျင်နီယာဦးမင်းဆွေ၊ လက်ထောက် အင်ဂျင်နီယာ ဦးအောင်ရှိန်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်က သွားရောက်ကြည့်ရှုပြီးလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။**(အောက်ပုံ)**

အဆိုပါအဖွဲ့သည် အလားတူ စက်ရေတွင်း တူးဖော်နေဆဲဖြစ်သော ကျောက်ပန်းတောင်းမြို့နယ် ယဉ်ဆန်းကျေးရွာနှင့် အေးအေးကျေးရွာများသို့ ဆက်လက် သွားရောက်ကြည့်ရှုခဲ့ကြကြောင်းသိရသည်။ **(ကျော်ဌေး)**



# စစ်ကိုင်း၌ သောက်ရေသန့်များ အပြိုင်အဆိုင်ရောင်းချ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းမြို့ရှိ ရပ်ကွက်အသီးသီးသို့ ရေသန့်ဖြန့်ဖြူးသူများ၊ ဆိုင်တင်ကာရေသန့်ရောင်းချသူများမှာ ဆောင်းအကုန် နွေအကူးရောက်ရှိလာတော့မည်ဖြစ်ရာ အပြိုင်အဆိုင်ရောင်းချလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့တွင် တခြားမြို့မှ လပ်ကီး၊ ဂရင်းနှင့် ရွှေခြင်္သေ့သောက်ရေသန့်များအပြင် စစ်ကိုင်းမြို့ပေါ်ရှိ ရေသန့်စက်ရုံများဖြစ်သော ပိုတင်ရှယ်၊ အဟာ့၊ မြရတနာနှင့် ရတနာဆင်မင်းစသည်တို့မှ ဖြန့်ချိလျက်ရှိသည်။ မကြာမီရက်ပိုင်းက သောက်ရေသန့်စက်ရုံတစ်ခု ပေါ်ထွက်လာရာ အဆိုပါစက်ရုံဖြန့် ရေသန့်များကို ဝယ်ယူအားပေးပါက နှစ်ဘူးမှ ငါးဘူးအထိဝယ်ယူလျှင် ငွေကျပ် ၃၅၀ နှုန်း၊ ၁၀ ဘူးပြည့်ပါက ငွေကျပ် ၃၀၀ နှုန်း၊ တီရှပ်တစ်ထည်နှင့် ရေဘူးအခမဲ့ အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးကာ အပြိုင်အဆိုင်ရောင်းချလျက်ရှိကြောင်း သိရသည်။

(၅၃၁)



# အိမ်သာတော့ ဧည့်များလာကြလေပြီ

**မြစ်ငယ် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံသည် ယခုအခါ အဘက်ဘက်မှပွင့်လင်းမြင်သာ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ ပြည်ပခရီးသွား နိုင်ငံခြားသားဧည့်သည်များသည်လည်း မြန်မာနိုင်ငံအတွင်းသို့ နေ့စဉ်နှင့်အမျှ လာရောက်ကြသည်မှာ ဝင်လာမစဲ တသဲသဲပင်ဖြစ်နေသည်။

မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်ကြသော မြို့၏ကျက်သရေဆောင် တန်ခိုးကြီး မဟာမြတ်မုနိဘုရားကြီး၊ မန္တလေးတောင်တော်၊ ကုသိုလ်တော်၊ အတုမရှိ ရွှေကျောင်းတော်ကြီး၊ စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီ၊ ပလိပ်မြွေဘုရားအစရှိသော မန္တလေးမြို့ ဝန်းကျင်ဒေသများတွင်လည်း ယမန်နှစ်များနှင့်မတူ ပြည်ပခရီးသွား နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်မှု ပိုမိုများပြားလာကြောင်း သိရသည်။ ယခုတွင်လည်းအမရပူရမြို့(ခေါ်) တောင်မြို့၏ ရှေးဟောင်းသမိုင်းဝင် နိုင်ငံကျော် ဦးပိန်တံတား**(အပေါ်ပုံ)**ကို နိုင်ငံခြားခရီးသွားဧည့်သည်များ လေအိတ်ကားကြီးများနှင့် လာရောက်ကြည့်ရှုလေ့လာကြသည်။

"အစ်မတို့ ဒီတစ်ခါ နိုင်ငံခြားသားဧည့်သည်အများစုဟာ အနောက်ဥရောပနိုင်ငံများက ဖြစ်ပါတယ်။ ဗြိတိသျှနိုင်ငံနဲ့ဂျာမနီနိုင်ငံသား အများစုဖြစ်ပါတယ်။ ဖော်ရွေတဲ့ မြန်မာနိုင်ငံသားများရဲ့ အပြုံးမျက်နှာ၊ သာယာလှပတဲ့ မြန်မာနိုင်ငံ၊ ယခင်နဲ့မတူဘဲ အစစအရာရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနဲ့ တိုးတက်နေတဲ့ မြန်မာပြည်ကို လာလည်ခွင့်ရတဲ့အတွက် အလွန်ပဲကျေနပ်ကြ၊ ဝမ်းသာပျော်ရွှင်ရပါတယ်။ မိမိတို့နေထိုင်ရာနိုင်ငံများကို ပြန်ရောက်တဲ့အခါမှာလည်း သာယာလှပတဲ့ မြန်မာနိုင်ငံအကြောင်းကို ပြောပြမယ်။ လည်ပတ်သင့်တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက အကောင်းဆုံးဆိုတာ မိတ်ဆွေများကို တိုက်တွန်းမယ်"ဟု နိုင်ငံခြားဧည့်သည်များရဲ့ သဘောထားကို နိုင်ငံခြားဧည့်လမ်းညွှန် အစ်မကြီးတစ်ဦးထံမှ သိရသည်။

ပြုံးပျော်ရွှင်နေသော နိုင်ငံခြားခရီးသွားဧည့်သည်များ၏ အပြုံးမျက်နှာများမြင်တွေ့ရတော့ ၎င်းတို့၏အပျော်များပင် စာရေးသူကို ကူးစက်စေပါတော့သည်။

**မောင်မောင်စိုး (မြစ်ငယ်)**

# စစ်ကိုင်းမြို့မှ လမ်းပေါ်မြင်ကွင်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

လူစည်ကားရာနှင့် ယာဉ်ကြောရှုပ်ထွေးရာဖြစ်သည့် စစ်ကိုင်းမြို့မဈေးဝန်းကျင်ရှိ လမ်းမကြီးပေါ်တွင် နေ့စဉ်ညနေပိုင်းအချိန်များတွင် စည်းကမ်းမဲ့လွှတ်ကျောင်းနေသည့် နွားအုပ်တစ်အုပ်ကြောင့် လမ်းမများပေါ်တွင် သွားလာမောင်းနှင်နေကြသည့်ယာဉ်များ၊ လမ်းလျှောက်သူများ အနှောင့်အယှက်များစွာဖြစ်နေကြရကြောင်း သိရသည်။

စည်းကမ်းမဲ့ လွှတ်ကျောင်းထားသည့်နွားအုပ်သည် နေ့စဉ်ညနေပိုင်းအချိန်များတွင် မြို့မဈေးဝန်းကျင်တစ်ဝိုက်၌ လှည့်လည်သွားလာ ကျက်စားနေပြီး လမ်းမကြီးပေါ် ဝပ်ခြင်း၊ ရပ်နေခြင်း၊ မစင်များစွန့်ခြင်း၊ လမ်းလယ်ကျွန်းများတွင် အလှစိုက်ပျိုးထားသည့်ပန်းပင်၊သစ်ပင်များကို စားသောက်ဖျက်ဆီးခြင်း၊ ဈေးရောင်းသူများ၏ ရောင်းကုန်ပစ္စည်းများကို ဆွဲယူစားသောက်ခြင်း၊ ယာဉ်သွားလာမှုအား အနှောင့်အယှက်ဖြစ်ပေါ်နေခြင်းများရှိနေကြောင်း သိရသည်။ အဆိုပါ စည်းကမ်းမဲ့လွှတ်ကျောင်းထားသည့် နွားအုပ်မှာ ထိန်းကျောင်းသူ၊ အရေးယူသူမရှိဘဲ အများပြည်သူများအား နေ့စဉ်အနှောင့်အယှက်ဖြစ်နေကြောင်း သိရသည်။**(ယာပုံ)**

"ဒီနွားအုပ်က မြို့မဈေးဝန်းကျင်မှာ နေ့တိုင်းသွားလာကျက်စားနေတာကြာပြီ။ ပိုင်ရှင်ဘယ်သူလဲဆိုတာ မသိရဘူး။ မြို့မဈေးကို နွားစားကျက်လိုသဘောထားပြီး အမြဲတမ်းလွှတ်ကျောင်းထားတာ။ လမ်းလယ်ကျွန်းပန်းခုံတွေမှာ စည်ပင်က ပန်းပင်၊ အလှပင်တွေ၊ မြက်တွေ စိုက်တာပဲ နွားစားသွားလို့ ကြာကြာမခံဘူး။ လမ်းပေါ်မှာ နွားတွေစည်းကမ်းမဲ့ လွှတ်ကျောင်းနေလို့ သတင်းစာထဲမှာ ခဏခဏထည့်ကြတယ်။ သတင်းစာမှာ ဒီအကြောင်းပါပေမယ့် နွားတွေက ဒီအတိုင်းပဲ။ ထိထိရောက်ရောက် အရေးမယူပုံထောက်ပြီး ဒီနွားတွေကို စည်ပင်ကမွေးထားတယ်လို့တောင် ထင်နေကြတယ်။ အခြေအနေအရ မြို့ထဲမှာတိရစ္ဆာန်မမွေးပါနဲ့လို့တော့ မပြောချင်ပါဘူး။ မွေးတော့မွေးပါ။ ဒါပေမယ့် စည်းကမ်းမဲ့ လွှတ်ထားတာတော့ မဖြစ်သင့်ဘူး။ စစ်ကိုင်းမြို့မဈေးဝန်းကျင်မှာ နိုင်ငံခြားသားဧည့်သည်တွေ နေ့တိုင်းလာလည်နေကြတယ်။ ဒီမြင်ကွင်းမြင်သွားရင် မြို့ကိုအထင်သေးမယ်။ မြို့ရဲ့ ပုံရိပ်ကိုထိခိုက်မယ်"ဟု စစ်ကိုင်းမြို့သားတစ်ဦးက ပြောပြသည်။ (၃၂၃)

**သင့်သွေးဖြင့် အသက်ကယ်ပါ**



# ကျောက်မဲ၌ ရေထွက်စမ်းများ ရေထွက်နှုန်းလျော့နည်း

**ကျောက်မဲ ဖေဖော်ဝါရီ ၂၁**

ကျောက်မဲမြို့ရှိ ရေထွက်စမ်းများတွင် ရေထွက်နှုန်းများ လျော့နည်းကျဆင်းလာသဖြင့် ကျောက်မဲကြီးရေထွက်စမ်းမှ ရေကို ပိုက်ဖြင့်သွယ်တန်းပြီး အမှတ်(၇)ရပ်ကွက် မြောက်ကုန်းရပ် ရေစုကန်၌ ရေစုဆောင်းပြီး မြောက်ကုန်းရပ်ကွက်သို့ ဖြန့်ဝေပေးနေခဲ့ရာ ယခု ရေမလုံလောက်ဖြစ်နေသဖြင့် နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၇)ရပ်ကွက် ရေစုကန်ဝင်းအတွင်းတွင် လေးလက်မစက်ရေတွင်းတစ်တွင်းကို ဖေဖော်ဝါရီ ၁၅ ရက်ကစတင်ပြီး စက်ယန္တရားကြီးများဖြင့် တူးဖော်လျက်ရှိသည်ကို တွေ့ရသည်။

ကျောက်မဲမြို့တွင် လွန်ခဲ့သည့် မိုးရာသီ၌ မိုးရွာနှုန်းများမှာ ယခင်နှစ်များကထက် ၁၀ လက်မ လျော့နည်းခဲ့သည်ဟု သိရသည်။ ယခုအခါ ရပ်ကွက်တချို့ရှိ ရေတွင်းများ ရေလျော့နည်းခန်းခြောက်စပြုလာသည်ဟု သိရသည်။

(၅၆၃)

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)၊ အဌမတန်း(D)မှ မသီဂီစိုး၏ ဖခင်အမည်မှန်မှာ ဦးအီဆွတ် (KMW-၁၄၂၂၈၃) ဖြစ်ပါသည်။

**ဦးအီဆွတ်(KMW-142283)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၈)၊ ဒိုးကွင်ကျေးရွာအုပ်စု၊ သဲဖြူကုန်းနေ ကျွန်မ မရီရီဝင်း [၉/ပဥလ(နိုင်)၀၅၈၀၀၄]၏ဖခင် ဦးစိုင်းအိုက်ဖုံး(ခ) ဦးဗန္ဓုလ[၁၃/ကမန(နိုင်)၀၂၇၀၄၂] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းအိုက်ဖုံး(ခ)ဦးဗန္ဓုလ**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် န/၉၇၉၃၊ အမျိုးအမည် Toyota Dina အမျိုးအစား Light Truck ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်အေးအေးမော် မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၁၁၈၃၆၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၃၇)၊ ဦးပိုင်အမှတ်(၅)၊ ၆၁×၆၂ လမ်းကြား၊ B(ဘီ) လမ်းပေါ်၊ ဗိုလ်မှူးချုပ်ဘိုလွင် အမည်ပေါက် ဂရန်မြေကွက်အား ဗိုလ်မှူးချုပ်ဘိုလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/ဒဂန(နိုင်)၀၁၁၅၃၃] (ကြည်း/၁၄၃၀၀) ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ခင်ပွန်းအဖြစ်မသက်ဆိုင်ပါကြောင်းကြေညာခြင်း**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ ကြေးသွန်းတောင်ရပ်၊ အမှတ်(၄၈၁)တွင် နေထိုင်သူ ဒေါ်အေးအေးမြင့် [၅/ရဘန(နိုင်) ၁၂၇၇၂၆] (ဘ) ဦးစိန်မြင့်၏ ခင်ပွန်းဖြစ်သူ ဦးရင်ထွေး[၁/မကတ(နိုင်)၀၅၄၅၆၂] (ဘ) ဦးထွန်းရင်သည် ဇနီးဖြစ်သူနှင့် အရွယ်မရောက်သေးသော သား(၃)ယောက်အား (၇)လကျော်တိုင်အောင် ကျွေးမွေးစောင့်ရှောက်ခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းနှင့် ဆက်သွယ်ခြင်းများမရှိသည့်အပြင် ခွင့်လွှတ်နိုင်ရန်အကြောင်းမရှိနိုင်သည့် အပြစ်လုပ်ရပ်များကို အကြိမ်ကြိမ် အဖန်ဖန်ပြုလုပ်ခဲ့ခြင်းကြောင့် ယနေ့မှစ၍ ဦးရင်ထွေးအား ခင်ပွန်းအဖြစ်မှ ပစ်ပယ်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စတို့သည် ကျွန်မနှင့် လုံးဝ (လုံးဝ) မသက်ဆိုင်တော့သကဲ့သို့ ကျွန်မ၏ ကိုယ်ရေးကိုယ်တာကိစ္စများသည်လည်း ၎င်းနှင့် လုံးဝ (လုံးဝ) မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်အေးအေးမြင့် [၅/ရဘန(နိုင်)၁၂၇၇၂၆]**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ မြို့ဦးရပ်ကွက်နေ ဒေါ်စန်းစန်းဌေး [၅/ဝလန(နိုင်)၀၇၈၅၂၆]၏သမီး မအိရွှေစင်သည် မိသားစုစိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်စန်းစန်းဌေး**

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

လှိုင်ကော်မြို့၊ ပန်ကန်းကျေးရွာအုပ်စု၊ နမ့်ဘော်ဝမ်(ခါး)ရပ်ကွက်၊ အိမ်အမှတ် န၇(၂၉၁)နေ အဖ ဦးညွန့်သန်း၊ အမိ ဒေါ်လှဝင်းတို့၏ ဒုတိယသားဖြစ်သူ မောင်ဝင်းမျိုးကြွယ်(ခ)မောင်ဝိုင်း [၂/လကန(နိုင်)၀၇၉၄၁၆]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအား စိတ်ဆင်းရဲမှု၊ စိတ်အနှောင့်အယှက်ပေးမှုများကို အမျိုးမျိုးပြုလုပ်ပြီး ဆိုဆုံးမ၍မရပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်း မောင်ဝင်းမျိုးကြွယ်(ခ) မောင်ဝိုင်းနှင့်ပတ်သက်သော နောက်နောင် မည်သည့်ကိစ္စရပ်များကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

**ဦးညွန့်သန်း၊ ဒေါ်လှဝင်း**

**မသက်ဆိုင်ပါကြောင်း**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်၊ သပြေလမ်းနေ (ဦးလှအောင်-ဒေါ်နော်သီဖော)တို့၏သား၊ မောင်စန်းမြင့်မောင်(ခ) ကုလားသည် ညီမနှင့် အစ်မများအား အကြိမ်ကြိမ်နှောင့်ယှက်ခဲ့ပြီး ပြောဆိုဆုံးမခြင်းကို နာခံခြင်းမရှိပါသဖြင့် ယနေ့မှစ၍ မောင်နှမအဖြစ် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ညီမနှင့်အစ်မများ**

**အခန်းဆက်ဝတ္ထု**

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ်
ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"အရဟံ-သမ္မာသမ္ဗုဒ္ဓေါ-ဝိဇ္ဇာစရဏသမ္ပန္နော-သုဂတော၊ သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

မော်တော်စက်သံက ရပ်သွားသည်။ လူသံသူသံများလည်း ပေါ်လာ၏။ အသံများက တောင်ဘက်ကျောင်းဦးဆိပ်ဆီမှ လာသည်။ ထူးထူးဆန်းဆန်း မိမိတို့ကျောင်းထိပ်မှာ မော်တော်လာကပ်သည်။ ပုလိပ်မော်တော်လား၊ စစ်သားတွေလား၊ အနီးအနားက ရွာတွေကို ဝိုင်းကြီးမှာလား။

"အရဟံ-သမ္မာသမ္ဗုဒ္ဓေါ-ဝိဇ္ဇာစရဏသမ္ပန္နော-သုဂတော-လောကဝိဒူ၊ လောကဝိဒူ-သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

မော်တော်သံရော လူသံတွေပါ တိတ်သွားကြသည်။ ကျောင်းအောက်ထပ်မှ ညိုနှင့် နက်ကြောတို့ ဆီးဟောင်သံကြားရသည်။ သို့ရာတွင် သူတို့ဟောင်သံ၌ ရန်လိုသံမပါ။ ညှော်သည် လူစိမ်းသူစိမ်းကို ဝတ်ကျေဝတ်ကုန်ဟောင်သော အသံမျိုးဖြစ်၏။

နောက်ထပ် ဘာသံမျှ အနှောင့်အယှက် မလာတော့။

ရှင်ပညာသာမိသည် ပုတီးကို မှန်မှန် ဆက်စိပ်နေသည်။

ပုတီးပတ်က စေ့ခါနီးပြီ။ စေ့ခါနီးမှ မှားလျှင် အနည်းဆုံး တစ်ပတ်အစအဆုံး ပြန်စိပ်ရဦးမည်။

ရှင်ပညာသာမိသည် အာရုံကိုမလွင့်အောင် သတိကို ပိုထိန်း၍ စိပ်သည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ အနုလုံ ပဋိလုံ တစ်ဝါရပြည့်မှ တစ်လုံးချသော ပုတီးစေ့ချင်းထိသံကိုသာ ကြားနေရတော့သည်။

သမာဓိအား ပြန်ကောင်းလာခိုက်တွင်မှာ ရှင်ပညာသာမိ၏ နှာခေါင်းတွင် သင်းပျံ့လှသော ရနံ့တစ်ခုကို ရသည်။ ပန်းရနံ့ပေလော၊ ခက်သည်က သည်နားတစ်ဝိုက်တွင် မွှေးကြိုင်သော ပန်းမျိုးပွင့်သည့် အပင်တစ်ပင်မျှမရှိ။ ပြီးတော့ သည်ရနံ့မျိုးကိုလည်း ရှေးကတစ်ခါမျှ မရှူရိုက်ဖူး။ ရနံ့က ယဉ်ယဉ်လေးမွှေးသည်။ ယဉ်ယဉ်လေး မွှေးရုံမက အေးမြမြလည်း ခံစားရသည်။

ရနံ့အာရုံကို သိမ်းပိုက်ဝေဖန်နေမိရာမှ ရှင်ပညာသာမိတွင် သတိပြန်ဝင်လာသည်။

ခက်သည် အားကြီးခက်သည်။ စောစောက နားအာရုံက နှောင့်ယှက်သည်။ အသံဗလံတွေ တိတ်သွား၍ ဟုတ်ပြီမှတ်သည်။ ယခု အနံ့က နှောင့်ယှက်သည်။

ရှင်ပညာသာမိ၏စိတ်တွင်း သရိုးသရီဖြစ်မိသည်။

ရနံ့၊ သင်းလှ ယဉ်လှသောရနံ့၊ ယခင်က တစ်ကြိမ်မျှ မိမိမရှူရှိုက်မိဖူးသော ရနံ့။

ပန်းရနံ့မဟုတ်နိုင်၊ ပန်းရနံ့မဟုတ်တော့ သဘာဝရနံ့မဟုတ်နိုင်။ သဘာဝရနံ့မဟုတ်နိုင်လျှင်. . . .။

ရှင်ပညာသာမိသည် မျက်စိကို တင်းနေအောင် ပိတ်သည်။ ဂုဏ်တော်ကွန်ချာကို အသံထွက်အောင်ရွတ်ပြီး ပုတီးဆက်စိပ်သည်။

". . သတ္တာဒေဝမနုဿာနံ၊ သတ္တာဒေဝမနုဿာနံ-အနုတ္တရောပုရိသဓမ္မသာရထိ-လောကဝိဒူ-သုဂတော-ဝိဇ္ဇာ စရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

ရယ်သံသဲ့သဲ့ ကြားရ၏။ မြတ်စွာဘုရား. . ရယ်သံ. . မိန်းကလေး. . အဲ မာတုဂါမတစ်ဦး၏ ရယ်သံ။

ရှင်ပညာသာမိမှာ ပုတီးစိပ်ရင်းက ကြက်သီးဖြန်းဖြန်း ထမိသည်။

ပုတီးပတ်က ပြည့်ခါနီးပြီ။ ပြည့်ခါနီးမှ အနှောင့်အယှက်က လာသည်။

ပထမ အနံ့၊ နောက်တော့ အသံ. . ရယ်သံ. . . . မာတုဂါမတစ်ဦး၏ ရယ်သံ။

ရှင်ပညာသာမိ၏ ပုတီးစိပ်နေသော လက်များမှာ မသိမသာတုန်လာသည်။ အသံကမူ အတန်ကျယ်ပြီ။ ကျယ်သော အသံသိသိသာသာတုန်နေသည်။ ရွတ်ဆိုသော နှုန်းလည်း မြန်နေ၏။ တော်ပါသေးသည်၊ ပုတီးပတ်က ပြည့်တော့မည်။

". . ဘဂဝါ၊ ဘဂဝါ-ဗုဒ္ဓေါ-သတ္တာဒေဝမနုဿာနံ၊ သတ္တာဒေဝမနုဿာနံ-အနုတ္တရောပုရိသ ဓမ္မသာရထိ-လောကဝိဒူ-သုဂတော-ဝိဇ္ဇာစရဏသမ္ပန္နော-သမ္မာသမ္ဗုဒ္ဓေါ-အရဟံ"

ပုတီးပတ် ပြည့်သွားပြီ။ ရှင်ပညာသာမိသည် မျက်စိတို့ကို မဖွင့်သေးဘဲ ပုတီးကို ခေါင်းမှ စွပ်ချလိုက်၏။

> "ထိုင်နေပုံကိုလည်း ကြည့်ပါ။ လှလှပပ သက်သက်သာသာကလေး။ ပေါင်လေးတွေကို ချိတ်ထားသည်။ ပေါင်တစ်ဖက်ပေါ်တွင် တံတောင်ဆစ်ကွေး၍ ထောက်ထားပြီး ဝိုက်ဝိုက်လေးနေသော လက်ခုံပေါ် မေးလေးကို တင်ထားသည်"

မျက်စိတို့ကို ပိတ်လျက်နှင့်ပင် ဘုရားကို ဦးသုံးကြိမ်ချသည်။ ပြီးတော့ မျက်စိမဖွင့်သေးဘဲ ငြိမ်လျက်ထိုင်ရင်း နားစွင့်ကြည့်သည်။

ဘာသံမျှ မကြားရ။ ဘာသံဆို ဘာသံမျှ မကြားရတော့။

ရှင်ပညာသာမိက မျက်လုံးတို့ကို ဖွင့်လိုက်သည်။ ရှေ့တည့်တည့်၌ အိုမင်းယိုယွင်းနေသော စေတီအိုကြီးမှ တစ်ပါးဘာမျှမရှိ။

ရှင်ပညာသာမိက နံဘေးတစ်ဖက်တစ်ချက်ကို ကြည့်သည်။ ဘာမျှ မတွေ့ရ။

ရှင်ပညာသာမိသည် ကျေနပ်စွာပြုံးပြီး နေရာမှထ၍ နောက်သို့ လှည့်လိုက်သည်။

"အယ်"

မိန်းကလေး မာတုဂါမ။

မာတုဂါမလေးက သစ်ငုတ်ကို တစ်ခုထက်တွင်ထိုင်ရင်း မိမိကို ပြုံးပြုံးလေးကြည့်နေသည်။

ထိုင်နေပုံကိုလည်း ကြည့်ပါ။ လှလှပပ သက်သက်သာသာကလေး။ ပေါင်လေးတွေကို ချိတ်ထားသည်။ ပေါင်တစ်ဖက်ပေါ်တွင် တံတောင်ဆစ်ကွေး၍ ထောက်ထားပြီး ဝိုက်ဝိုက်လေးနေသော လက်ခုံပေါ် မေးလေးကို တင်ထားသည်။

ရှင်ပညာသာမိ၏ မျက်လုံးတို့က မတားဆီးနိုင်မီ မာတုဂါမလေး၏ ခြေသလုံးများဆီ ရောက်သွားသည်။

ဂါဝန်နှင့်ဖြစ်သဖြင့် ခြေသလုံးလေးများကို အတိုင်းသားမြင်နေရသည်။ ခြေများတွင်တော့ အဖြူရောင်ခြေအိတ်တိုကလေးများခံ၍ ရှူးဖိနပ်အနက်လေးများကို စီးထားသည်။

ရှင်ပညာသာမိက စက္ခုတော်နှစ်စုံကို အပေါ်သို့ပင့်လိုက်ရ၏။

မာတုဂါမလေး၏ ကိုယ်ဟန်ကမပျက်။ ပန်းပုရုပ်လေးလိုပင် ငြိမ်ငြိမ်ကလေး မိမိကို ဆက်ကြည့်နေသည်။

ရှင်ပညာသာမိက မာတုဂါမလေးကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။

မာတုဂါမလေးက လှုပ်ရှားလာသည်။ ထိုင်နေရာသစ်ငုတ်တိုပေါ်မှ မြေပေါ်ဆင်းရပ်လိုက်ပြီး စကားဆိုသည်။

"ပြီးသွားပလား"

ရှင်ပညာသာမိက ခေါင်းညိတ်ပြ၏။

"ဘယ်လောက်ကြာသလဲ"

"ဟိုဒင်း. . . တစ်နာရီလောက်"

"အမယ်လေး. . . အကြာကြီး မပျင်းဘူးလား"

"မပျင်းပါဘူး၊ ပြီးတော့ ပျင်းရင် သာသနာ့ဘောင်မှာ မနေနိုင်ဘူး"

"ဘာရယ် ဘာဘောင်"

"သာသနာ့ဘောင်"

မာတုဂါမလေးက နားမလည်ဟန် မျက်မှောင်တွန့်ပြီး ထပ်မေး၏။

"သာသနာ့ဘောင်ဆိုတာ ဘာကိုပြောတာလဲ"

ရှင်ပညာသာမိ၌လည်း ရုတ်တရက် အဖြေမရှိ။ ခေတ္တစဉ်းစားပြီးမှ ဝတ်ထားသောသင်္ကန်းကို ကိုင်ပြပြီး ဆို၏။

"ဒီလိုဝတ်ထားတဲ့ ပုဂ္ဂိုလ်မှန်ရင် သာသနာ့ဘောင်မှာ နေတယ်လို့ပြောတယ်"

"ဩော်. . . . ဩော်. . . သိပြီ၊ ဘုန်းကြီးကို ပြောတာ မဟုတ်လား၊ ဒါထက် ငယ်ငယ်လေးနဲ့ ဘာလို့ ဘုန်းကြီး ဝတ်ရတာလဲ"

"ငါ ဘုန်းကြီးမဟုတ်ဘူး. . . ကိုရင်၊ သာမဏေလို့လည်းခေါ်တယ်"

"သာမဏေဆိုတာ သာမဏေ၊ ဘုန်းကြီးဆိုတာ ရဟန်း"

မာတုဂါမလေး မျက်မှောင်တွန့်၍ စဉ်းစားပြန်သည်။

"အား. . . . သိပြီ၊ နေ့ဗစ်(စ်). . . ယူအာရ် အ. . . နေ့ဗစ်(စ်)"

ရှင်ပညာသာမိက မာတုဂါမလေးကို စေ့စေ့ကြည့်မိသည်။ အသက်က ဆယ့်သုံးနှစ် ဆယ့်လေးနှစ်လောက်ရှိမည်။ မိမိနှင့် ရွယ်တူခန့် . . . .။

ရှင်ပညာသာမိက တစ်စုံတစ်ရာကို သတိရပြီး မေး၏။

"ဒကာမလေး နင်ဗုဒ္ဓဘာသာ ဟုတ်ရဲ့လား"

"အိမ်မှာ ဘုရားစင်ရှိသားပဲ၊ ဘာပြုလို့ မေးရတာလဲ"

မာတုဂါမလေး၏မျက်နှာတွင် သရော်တော်တော် အပြုံးပေါ်လာသည်။

"ရှင်နဲ့ ကျွန်မနဲ့ ဒီလိုပြောရမလား ဟုတ်လားရှင့်"

"အဲဒီလိုလည်း မဟုတ်ဘူး၊ နင်. . . ဘုန်းကြီးနဲ့ စကားမပြောတတ်ဘူးလား"

"ဟင့်အင်း. . . တစ်ခါမှ မပြောဖူးဘူး"

"ဘုန်းကြီးနဲ့စကားပြောရင် လူချင်းပြောသလို မပြောရဘူး၊ အရှင်ဘုရား တပည့်တော်၊ ဒီလိုသုံးရတယ်"

"ဒါပေမယ့် ဘုန်းကြီးမဟုတ်ဘူးဆို"

"ဟာ. . . ဒုက္ခပါပဲ၊ ကိုရင်ကိုလည်း ဒီလိုပဲပြောရတယ်၊ အရှင်ဘုရားလို့တော့ မခေါ်နဲ့၊ ကိုရင်လို့ပဲခေါ်၊ တပည့်တော်လို့တော့ ပြော"

"အဲဒီလို မပြောတော့ရော"

"မပြောရင် နင်ငရဲကြီးမှာပေါ့"

မာတုဂါမလေးက ပြုံးနေသည်။ ဘာမျှတော့ မပြော။

"နင်ဘာလို့ ပြုံးတာလဲ"

"ငရဲကြီးမယ်ဆိုလို့ပါ၊ ငါက ငရဲမှ မကြောက်တာ"

"နင် တကယ် ငရဲမကြောက်ဘူး"

"မကြောက်ဘူး၊ ဘာမှ မကြောက်ဘူး၊ ဒက်ဒီက မကြောက်တတ်ရဘူးတဲ့"

ရှင်ပညာသာမိက သက်ပြင်းချပြီး ခေါင်းခါ၏။

"ဒကာမလေး နင်တော့ ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

"နင့်ကို ငါသနားတယ်"

"ဘာလို့သနားရတာလဲ၊ ငါ့မှာ ဘာသနားစရာရှိလို့လဲ"

"နင့်ရုပ်ကလေးက သိပ်လှတယ်၊ ရုပ်လှသူကို ဆုတောင်းကောင်းသူလို့ လူကြီးတွေက ပြောကြတယ်၊ ကုသိုလ်ကောင်းမှုပြုပြီး ဆုကောင်းကောင်းတောင်းခဲ့သူမှ ရုပ်လှတာ ဒကာမလေး"

"ဘာဆိုင်လို့လဲ၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"သည်းခံ ဒကာမလေး သည်းခံ၊ ငါပြောပြမယ်၊ နင်က ငရဲမကြောက်ဘူးတဲ့၊ ငရဲမကြောက်တော့ အကုသိုလ်တွေ လျှောက်လုပ်တော့မယ်၊ အကုသိုလ်လုပ်ရင် နောင်ဘဝမှာ ဒကာမလေး လှတော့မှာမဟုတ်ဘူး၊ အဲဒါကို ငါသနားလို့"

မာတုဂါမလေး၏မျက်နှာသည် တွေဝေသွားသည်။ မပွင့်တပွင့်လည်း မေး၏။

"အဲဒါ တကယ်ပြောတာလား"

"ကျမ်းမှာ ဖတ်ဖူးတာ ငါပြောတာ၊ မယုံရင် ကျောင်းပေါ်သွားပြီး ဆရာတော်ကြီးလျှောက်ကြည့်"

